mgyoe.com SAMPLE BOOK



မောင်သာချို

ခရီးသည် ရောက်ရာက မမေ့ပါဘူး

mgyoe.com

ဒုတိယအကြိမ်

mgyoe.com SAMPLE BOOK

''တစ်နည်းကွယ် လျှောက်ခါမွေ့ရချည်တော့
မြီးအရွယ် ဆံတောက်ကညာ တမေတို့ကိုလ
ခရီးသည် ရောက်ရာက မမေ့ပါဘု
နောက်တစ်ခါ တွေ့ကာမှ ဆုံစို့ကွယ်''

သခင်ကိုယ်တော်မှိုင်း

ISBN 9789997112408
MTC5
9 789997 112408
MMK 11,500.00

mgyoe.com

SAMPLE BOOK

mgyoe.com

mgyoe.com

SAMPLE BOOK

စိတ်ကူးချိုချိုစာအုပ်

ခရီးသည် ရောက်ရာက မမေ့ပါဘူ

မောင်သာချို

ဒုတိယအကြိမ်၊ ၂၀၂၃

mgyoe.com

mgyoe.com SAMPLE BOOK

ခရီးသည် ရောက်ရာက မမေ့ပါဘူ၊ မောင်သာချို
စာမျက်နှာ ၂၈၃ မျက်နှာ၊ ၁၂·၈စင်တီ× ၁၈·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၅၊ ဇန်နဝါရီလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၁၄ စိတ်ကူးချိုချို၏ ပထမအကြိမ်မူ။

email: skccph@gmail.com ; P.O.Box: 705
www.facebook.com/SKCCmyanmarbook
www.skccmyanmarbook.com

mgyoe.com

mgyoe.com SAMPLE BOOK

မာတိကာ

၁။ ဘန်ကောက်၌ နောက်ဆုံးရထား ခုတ်မောင်းသွားခြင်း ၁၁

၂။ ဘင်ဂလာလမ်းကို ဖြတ်လျှောက်ခြင်း ၁၆

၃။ ရှက်တတ်ရင် ဆက်မဖတ်နဲ့တော့ ၂၁

၄။ ဒရောသောပါး ဘန်ကောက် ၂၆

၅။ ဘန်ကောက်က သီချင်းဆိုပြိုင်သောငှက်ကလေးများသို့ ၃၁

၆။ တိုကျိုမြို့၌ ခွေးကျောင်းထွက်ခြင်း ၃၆

၇။ တိုကျိုမှာ ဘာပဲကျပျောက်ကျပျောက် ဘာပဲမေ့ကျန်မေ့ကျန် ၄၀

၈။ ချယ်ရီပင်အောက်သို့ ဇရာရောက်ရှိ၍လာခြင်း ၄၄

၉။ တိုကျို ခြေလှမ်းများ ၅၁

၁၀။ တိုကျိုမှာ ဗိုက်ထဲက ဆာလာတဲ့အခါ ၅၆

၁၁။ တိုကျိုမြို့၌ မြို့ပတ်ရထားစီးခြင်း ၆၀

၁၂။ နှင်းပွင့်တိုင်းပြည်၌ လက်ကို ရေဆေးခြင်း ၆၆

၁၃။ ပါချန်မြစ်ကို ဖြတ်ကူးခြင်း ၇၁

၁၄။ လမ်းသရဲကဗျာမရှိတဲ့ ဇဂျမ်းကန်မြမှာ ၇၈

၁၅။ မူဆယ်၊ ကြယ်ဂေါင်၊ ရွှေလီ၊ မန်စီ စိနရဋ္ဌခရီးသည် ၈၃

၁၆။ ဓီးရိုးပလပ်စ် ဓီးရိုး ဓီးရိုး ဓီးရိုး ဆိပ်ကမ်းမှာ ၈၈

၁၇။ မကြောက်တရားမြို့၌ ချောက်သားတို့နှင့် စကားဆိုခြင်း ၉၄

၁၈။ ဖားကန့်အစ ကြယ်ဂေါင်အဆုံး ၉၉

mgyoe.com

mgyoe.com SAMPLE BOOK

၁၉။ မြစ်ကလည်း ရွှေ၊ မြေကလည်း ဇမ္ဗူရစ် ၁၀၃
၂၀။ ဥရု မကောသေးဘူးလား ၁၀၇
၂၁။ တတိယမြစ်ဂျေ်းအနီးက ပျူစောထီးရဲ့ ရွာကလေး ၁၁၃
၂၂။ စိန်ဘီးနဲ့ သနပ်ခါးလူးပြီးတော့မှ ကူးခဲ့ကြတဲ့ တံတား ၁၁၈
၂၃။ ငါန်းမြာကလူတွေ ဘယ်ပျောက်သွားသလဲ ၁၂၄
၂၄။ ဖျတ်ခနဲ ပတ္တမြား ၁၂၉
၂၅။ ဆံနွယ်ကိုပင် ဖြန့်ကျင်း၍ ထိုလမ်းကို သူတို့ခင်းခဲ့ကြပါသည် ၁၃၈
၂၆။ လွမ်းပိုအေးသို့ မေတ္တာရိပ်ရောက်ရှိသွားခြင်း ၁၄၃
၂၇။ လက်ပံပျား၌ ကြက်သားကြော်စားခြင်း ၁၄၇
၂၈။ လှိုင်းကိုကြောက်လို့ ရှောင်ကာပုန်း၊ လှိုင်းဘုန်း ၁၅၁
၂၉။ မော်လမြိုင်ကျွန်းမှာ အမဲသားရှာခြင်း ၁၅၅
၃၀။ မြိုင်သို့ နောက်ထပ်တစ်ခေါက် ၁၅၉
၃၁။ အရက်၊ ကြက်နဲ့ ခွေမိန်တပေါင်းရဲ့ထန်းတောကူနီ နေ့ရက်များ ၁၆၄
၃၂။ စစ်ကိုင်းတိုင်း မြောက်ဘက်အဖျား၌ အခွဲ့နွေးခြင်း ၁၇၀
၃၃။ တာချီလိတ်၌ မြန်မာပိုက်ဆံအိတ်ကို ဆွဲပိတ်လိုက်ခြင်း ၁၇၄
၃၄။ ရှာင်၌ လိမ္မော်သီးစားခြင်း ၁၈၀
၃၅။ ကျိုန္တလီ၌ အိုမင်းရင့်ရော်ခြင်း ၁၈၅
၃၆။ စေတုတ္တရာ၌ မုန့်စကားဆိုခြင်း ၁၉၀
၃၇။ အနောက်ရိုးမ၏ တံခါးပေါက်၌ ဥသျှစ်ပင် လူးလွန့်ခြင်း ၁၉၆
၃၈။ မှော်ရုံတောထဲက မှော်ဆရာ အိပ်မက်များ ၂၀၁
၃၉။ ပျူမြို့တော်ဟောင်း ဟန်လင်း၌ ရေပူချိုးခြင်း ၂၀၇
၄၀။ ရွှေတောင်မြို့၌ ခါချဉ်စားခြင်း ၂၁၂
၄၁။ ရခိုင်ရိုးမ၌ မျောက်ချေးခါးစားခြင်း ၂၁၆
၄၂။ မိုးညှင်းမြို့၌ ရေကန်ဆယ်ခြင်း ၂၂၁
၄၃။ မြိတ်ကျွန်းစု၌ ကဏန်းပျော့စားခြင်း ၂၂၄
၄၄။ ကျောက်မဲမြို့ ၌ ဆေးပေါင်းချိုးခြင်း ၂၂၉
၄၅။ မဇ္ဈိမဒေသသို့ မဏိပူရတံခါး ၂၃၅
၄၆။ အော်ထဲက ချိုင်တွေဆီမှာ ၂၄၁

mgyoe.com

mgyoe.com SAMPLE BOOK

၄၇။ အနောက်ရိုးမ၏ အနောက်ဘက်သို့ ဆင်းသွားခဲ့စဉ်က ၂၄၇
၄၈။ မြင်းကကုန်းသို့ ရှုပ်ပြေးခြင်း ၂၅၃
၄၉။ ဘဝအမှောင် မလွှမ်းစေဖို့ စမတောင်တန်း ၂၅၇
၅၀။ ပွင့်ပုံဆန်းသည့် သံလွင်မြစ်ကမ်းပေါ်က ရာမညသဇင်ခက်များ ၂၆၂
၅၁။ စမ်းမြသီတာက ကောင်းသောလက်များ ၂၆၈
၅၂။ ရခိုင်ရိုးမရဲ့အရိပ်မှာ မီးအိမ်ကလေးတွေ ထွန်းညှိကြတုန်းက ၂၇၃
၅၃။ ဧရာဝတီမြစ် အနောက်ဘက်ကမ်းပါးပေါ်က ပရဟိတမြို့ ၂၇၉

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

"တစ်နည်းကွယ် လျှောက်ခါမွေ့ရချည်တော့
မြီးအရွယ် ဆံတောက်ကညာ တမေတို့ကိုလ
ခရီးသည် ရောက်ရာက မမေ့ပါဘု
နောက်တစ်ခါ တွေ့ကာမှ ဆုံစို့ကွယ်"

သခင်ကိုယ်တော်မှိုင်း
(အလုံမြို့ ကျေးလက်သို့ ပြန်အခွဲခက် ကဗျာမှ)

/

– ယခင်အသုံးအတိုင်း –

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

ကမ္ဘာတစ်ခွင်သို့ လှည့်လည်လော့
ဘဝတစ်သက်တာ ဆိုသည်မှာ
တစ်ခါသာ ရောက်လာသည်။ ဘဝ
တစ်သက်တာ အတွင်းမှာလည်း
ပျိုရွယ်မှု ဟူသည် တစ်ကြိမ်သာ
လာရောက်သည်။

ရာဟုလာသံကိစ္စည်း

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

ဘန်ကောက်၌ နောက်ဆုံးရထား ခုတ်မောင်းသွားခြင်း

[တစ်]

ခရစ်ယာန်ဘာသာဝင်တို့က ခရစ်တော်၌ အိပ်ပျော်သည်ဟု သုံးပြီး အစ္စလာမ်ဘာသာဝင်တို့က အလ္လာအရှင်မြတ်၏အမိန့်ကို ခံယူသည်ဟုသုံးကာ ဗုဒ္ဓဘာသာဝင်တို့က သေသည်၊ ဆုံးသည်၊ ကွယ်လွန်သည်၊ အနိစ္စရောက်သည်၊ ဘဝတစ်ပါးသို့ ပြောင်းသွားကွယ်လွန်သည်၊ နတ်ရွာစံသည်၊ ပျံတော်မူသည် စသည်စသည်ဖြင့် အခြေအနေကိုလိုက်၍ သင့်တင့်အောင် အမျိုးမျိုးသုံးနှုန်းသော လူတစ်ယောက်၊ ဘဝတစ်ခု၊ ဇာတ်လမ်းတစ်ပုဒ် အဆုံးသတ်ရသည့်ကိစ္စက မည်သို့ပင်ဖြစ်စေ ကြေကွဲစရာကောင်းသည်ကတော့ အမှန်ပဲ ဖြစ်ပါသည်။

သေခြင်းတရားနှင့်ပတ်သက်၍ အကျစ်လျစ်ဆုံး ရေးဖွဲ့ထားသည့် ကဗျာတိုကလေးနှစ်ပုဒ် လူသိများပြီး ထင်ရှားပါသည်။ ကဗျာဆရာများက ဆရာတင်မိုးနှင့် ဆရာဒေါင်းနွယ်ဆွေ။

ဆရာတင်မိုး၏ ကဗျာက "ဧည့်သည်ကြီး" ဖြစ်ပါသည်။

"ဆေးလိပ်လည်းတို
နေလည်းညိုပြီ
ငါ့ကိုပြန်ပို့ကြပါလေ" တဲ့။

ဆရာဒေါင်းနွယ်ဆွေ၏ ကဗျာက "နောက်ဆုံးရထား" ဖြစ်ပါသည်။

"အလှကိုရှာ

mgyoe.com

mgyoe.com SAMPLE BOOK

ဘယ်မှာမှမတွေ့
တစ်နေ့ အချိန်တန်တော့
ဆူညံညံ ငိုသံကြားရတယ်
ရထားရွေ့ရွေ့" တဲ့။

ကဗျာနှစ်ပုဒ်လုံးက ချစ်ဖို့ကောင်းပါသည်။ တစ်ပုဒ်က လေးလုံးစပ်လင်္ကာ၊ တစ်ပုဒ်က ဒွေးချိုး။တိုပင်တိုကြသော်ငြား အနက်အဓိပ္ပာယ်တွေ၊ ခံစားမှုတွေက ဟိုး ... နောက်မှာ တသီတတန်းကြီး။ ဘဝ၏ အနှစ်သာရမရှိပုံတွေ၊ အချိန်တန်တော့ အိမ်ကို ပြန်ကြရပုံတွေ။

ကမ္ဘာပေါ်၌ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်များကို သင်္ဂြိုဟ်ကြပုံတွေကဖြင့် အမျိုးမျိုးအထွေထွေဖြစ်ပါသည်။ တချို့က မြေကြီးတူးကာ မြှုပ်ပစ်သည်။ တချို့က မီးရှို့ပစ်သည်။ တချို့က ဂူသွင်းပစ်သည်။ တချို့က မီးရှို့ပြီးနောက် ကျန်သောအရိုး၊ ကျန်သော ပြာများကို ရေတွင်မျှောသူကမျှော၊ အမှတ်တရ ဂူသွင်းသူကသွင်း၊ တချို့တချို့ သောဒေသများ၌မူ လူအသေကောင်များကို ရွာအပြင်ထုတ်ပြီး လေးတိုင်စင်ဖြင့် တင်ကာ ကျောက်သားနံရံလို၊ သစ်ပင်လိုနေရာများ၌ ချိတ်ဆွဲကာအရိုးကျသည်အထိထားသည် များလည်းရှိပါသည်။

မြန်မာနိုင်ငံ၌ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ကိုယ့်နည်းကိုယ့်ဟန်ဖြင့် နိဂုံး ကမ္ပတ်အဆုံးသတ်ပေးပုံတွေ ကွဲပြားသည်မှာ မှန်သော်လည်း သင်္ချိုင်းတို့၊ သုသာန်တို့ ကတော့ ရှိနေကြပါသေးသည်။ ကုက္ကိုပင်ကုပ်ကုပ်ကိုင်းကိုင်း၊ ဇရပ်အိုညို့ညို့မှိုင်းမှိုင်းနှင့် ရွာအစွန်အဖျားဆီက တောသင်္ချိုင်းကလေးများမှသည် ခေတ်မီမီးသင်္ဂြိုဟ်စက်ကြီးများ၊ ခေတ်မီခေါင်းတလားများ တန်းစီနေသည့် မြို့သင်္ချိုင်းများအထိ သေခြင်းကို ဖြေရှင်း ပေးဖို့ရာ စောင့်ဆိုင်းနေကြပါလေသည်။

ထိုင်းဘုရင့်နိုင်ငံတော်မှာ၊ အထူးသဖြင့် ဘန်ကောက်မြို့တော်မှာ သေသူကို ဘယ်ပုံ လုပ်ကိုင်ဆောင်ရွက်ပေးကြပါလိမ့်။

*

[နှစ်]

ဖူးခက် (phuket) ကမ်းခြေသို့အသွား Don Mueang လေဆိပ်တွင် ခဏနားနေ စဉ်က ဘန်ကောက်မြေမပေါ်မှာ ခြေချသည်ဆိုရုံကလေးချခဲ့ဖူးပါသည်။ နောက်တော့

mgyoe.com

mgyee.com SAMPLE BOOK

ဘန်ကောက် တွင် နှစ်ရက်၊ သုံးရက်ဆိုသလို နေထိုင်ဖို့ရာ အကြောင်းဖန်လာသဖြင့် ရတတ်သမျှသော အချိန်ကလေးကိုလုကာ ဘန်ကောက်ခြေမြန်တော်လည်း လုပ်ခဲ့ဖူးပါသေးသည်။ ကြီးလိုက် သည့် မြို့ကြီး။ မက်ဂါစီးတီး (Mega city) ဆိုသော နာမည်နှင့် လိုက်ဖက်ညီပါပေ့။

မိုးပျံလမ်းမကြီးတွေက အထပ်ထပ်။ ထို့အပြင် အဝိုက်ဝိုက်အကွေ့ကွေ့ အမြွာမြွာ။ တိုက်တွေတိုက်တွေ။ တစ်လုံးနှင့်တစ်လုံး အကျောမခံဘဲ ကောင်းကင်ယံကို လှယက်တက်နေလိုက်ကြတာ Bangkok Metropolitan City ဆိုသည့် စကား၊ Bangkok Metropolitan Region ဆိုသည့် စကားနှင့်အညီ မြို့တော်နယ်နိမိတ်တစ်ခွင် တစ်ပြင်လုံးအပြိုင်ဖွံ့ဖြိုးတိုးတက်နေလိုက်တာ။ မြို့တစ်ဖက်မှ အခြားတစ်ဖက်သို့ အနည်းဆုံးပဲခူးနှင့် ရန်ကုန်လောက် အပြင်းအထန်မောင်းနှင်ယူရသည့် မြို့ကြီး။ ကမ္ဘာလှည့် ခရီးသည်တွေ ခြေချင်းလိမ်နေသည့် မြို့ကြီး။

သည်မြို့ကြီးမှာ သင်္ချိုင်းတို့၊ သုသာန်တို့ မရှိဘူးဆိုတော့ ကျွန်တော် တော်တော့်ကိုပဲ အံ့သြသွားပါသည်။ ဘုန်းကြီးကျောင်းတွေဟာ သင်္ချိုင်းတွေပါပဲတဲ့။ သုသာန်တွေပါပဲတဲ့။ ဘန်ကောက်မှာ ဘုန်းတော်ကြီးကျောင်းတွေ အများကြီး။

*

[သုံး]

ဘန်ကောက်ကို ရစ်ခွေထားသည့် ချောင်ဖယားမြစ်ကမ်းပါးတွင်ရှိသော ဖာ့ဒ်ပဒဲမြို့နယ်ထဲက ဝပ်ကျာဒဲင်းကျောင်းသို့ ရောက်ဖူးပါသည်။ ဖာစီကျာလိန်မြို့နယ်ထဲက ဝပ်တလုံးကျောင်းသို့လည်း ရောက်ဖူးပါသည်။ တစ်နေရာတွင် သေတ္တာဖြူဖြူရှည်ရှည်ကြီးများကို တွေ့၍ မသင်္ကာသဖြင့် မေးလျှောက်လိုက်ရာ မြန်မာရဟန်းတော်များက လူသေထည့်သည့်အခေါင်းများဖြစ်ကြောင်း ဝန်ခံမိန့်ကြားပါသည်။

ဘန်ကောက်မှာက ဘုန်းတော်ကြီးကျောင်းမှန်လျှင် စာသင်ကျောင်းပါရပါသည်။ ဈာပနအခမ်းအနားကျင်းပရန် ခန်းမပါရပါသည်။ ယင်းနှင့်တွဲလျက် မီးသဂြိုဟ်စက်ပါရပါသည်။ အကုန်လုံး သပ်သပ်ရပ်ရပ် သန့်သန့်ရှင်းရှင်း။ မသိလျှင် မီးသဂြိုဟ်စက်ဟုပင် ထင်စရာအကြောင်းမရှိ။ စတိုခန်းလိုလို၊ မီးဖိုခန်းလိုလို။

“လူသေရင် ဆေးရုံမှာသေသေ၊ အိမ်မှာ သေသေ … ဆေးရုံအုပ်ကြီးလက်မှတ်နဲ့ ဘုန်းကြီးကျောင်းကို ပို့ရပါတယ်။ ဘုန်းကြီးကလည်း လက်မှတ်ထိုးရပါတယ်။ သည်တော့

မှ မီးသင်္ဂြိုဟ်လို့ရတာပါ ဒကာကြီး"

အနားတွင်ဝိုင်းကာ တစ်ပါးပြီးတစ်ပါး ဓာတ်ပုံတွဲရိုက်ကြရင်းက စာပေချစ်မြတ်နိုးသူ ထိုင်းနိုင်ငံရောက် သံဃာတော်တစ်ပါးက မိန့်ကြားခြင်းဖြစ်ပါသည်။

"အအေးခန်းမလိုဘူး ဒကာကြီးရဲ့ ... သူတို့အခေါင်းတွေက အအေးခန်းစနစ်ပါကြတယ်။ ခန်းမထဲမှာ သရဏဂုံတင်တာမျိုး၊ တရားနာတာမျိုးလုပ်ပြီးတာနဲ့ သင်္ဂြိုဟ်စက်ထဲတွန်းရွှေ့ပြီး သင်္ဂြိုဟ်ကြတာပါပဲ။ ကျုပ်တို့ဆီမှာလိုပဲပေါ့။ ဒါမျိုးလုပ်ကိုင်ပေးတဲ့ လူတွေက အဆင်သင့်ရှိပါတယ်။ ဘုန်းကြီးကျောင်းမှာ အလောင်းထားတာကတော့ တစ်ရက်ဘတ် ၅,၀၀၀။ ဗမာလို ငွေတစ်သောင်းခွဲပေါ့။ တတ်နိုင်လို့ ပိုပိုမိုမို လှူဒါန်းတာလည်း ရှိသပေါ့။ လုံးဝဆင်းရဲလို့ ကူညီရတာတွေလည်း ရှိသပေါ့"

သံဃာတော်တစ်ပါးကတော့ စိတ်ရှည်လက်ရှည်ကိုပင်လျှင် မိန့်ကြားပေးနေခဲ့ပါသည်။

ဘန်ကောက်က မီးသင်္ဂြိုဟ်စက်

mgyoe.com

mgyoe.com

"အင်း ... ဒကာကြီးမေးခွန်းက မြေမြှုပ်တာ၊ ဂူသွင်းတာနော်။ သိပ်ပြီး အစွန်အဖျား ကျတဲ့ ရွာလေးတွေ၊ ဘာလေးတွေမှာတော့ ရှိချင်ရှိမှာပေါ့။ ဒါပေမဲ့ ဘန်ကောက်မှာတော့ သင်္ချိုင်းမရှိဘူး ဒကာကြီးရယ် ...၊ တစ်နိုင်ငံလုံးလိုလို မရှိတာပါ။ လူသေရင် ဘုန်းကြီး ကျောင်းပို့ မီးရှို့ ... ပြီးတာပါပဲ"

မြေကို အကျိုးရှိရှိ အသုံးချနေသော ဘန်ကောက်မြို့တော်ကြီးက သင်္ချိုင်းတို့၊ သုသာန်တို့လုပ်ကာ သေသူကို နေရာမပေးနိုင်ဘူး ဖြစ်နေပုံရပါသည်။ အမှတ်တရတွေ၊ သတိတရတွေ၊ အမေ့မြေပုံလေးတို့၊ ချစ်သူ့ အုတ်ဂူလေးတို့ အလိုမရှိ။

*

[လေး]

ဘန်ကောက်၌ Pathumthani အရပ်တွင် ဧရာမဘာသာရေးနယ်မြေကြီးတစ်ခု ရှိပါသည်။ ဝပ်ဓမ္မကာရတဲ့။ ဧက ၂၅,၀၀၀ ရှိရာ မည်မျှကျယ်ဝန်းသလဲ ခန့်မှန်းကြည့်နိုင် ပါသည်။

ထိုကျောင်းဝင်းကြီးထဲ၌ ဧရာမ မီးသင်္ဂြိုဟ်စက်ဟစ်ခုရှိသည်။ လဟာပြင်ထဲ၌ ပဒုမ္မာကြာပွင့်သဏ္ဍာန်ပြုလုပ်ထားပြီး လူဖြစ်စေ၊ ရဟန်းဖြစ်စေ သင်္ဂြိုဟ်မည့် ရုပ်အလောင်း ကို ထိုကြာပွင့်ကြီး၏ အောက်ခြေအပေါက်မှ တစ်ဆင့် အတွင်းသို့ သွင်းလိုက်ရပါသည်။ အထဲရောက်လျှင် ဟိုက်ဒရောလစ် (hydraulic)ဖြင့် အလောင်းကို မ တင်ပေးလိုက်ပါက ယင်းသည် ကြာပွင့်၏ အလယ်ဗဟိုအမြင့်ဆုံး၌ တည်ရှိနေပါသည်။ ထိုအချိန်၌ သရဏဂုံ တင်၊ တရားနာ၊ အသုဘရှု။ ထို့နောက်ပြန်ချ။ မီးသင်္ဂြိုဟ်ခြင်းကိစ္စက ကြာပွင့်ကြီး၏ အတွင်းထဲမှာ။

သြော် ... ဘန်ကောက် ဘန်ကောက်။ ဆေးလိပ်တိုလို့ နေညိုကာ အိမ်ကိုပြန်ပြီဆို မှဖြင့် အလွမ်းပြေကြည့်စရာ ဘာမှမကျန်တော့။ နောက်ဆုံးရထားမှ ထွက်ခွာသွားခဲ့ပြီဆို လျှင် အမှတ်တရပြစရာ ဘာမှ မချန်တော့။

အသည်းမာလွန်းရာများ ကျနေလေရော့သလား ဘန်ကောက်ရယ်။

■

mgyoe.com

mgyoe.com SAMPLE BOOK

ဘင်ဂလာလမ်းကို ဖြတ်လျှောက်ခြင်း

[တစ်]

ဖူးခက် (Phuket) ကိုရောက်မှဖြင့် ဘင်ဂလာလမ်း (Bangla Road) ကိုတော့ လျှောက်ဖြစ်အောင် လျှောက်လိုက်ဦးဟု ဖူးခက်နေ မြန်မာမိတ်ဆွေအများအပြားက တိုက်တွန်းလာပါသည်။ သာမန်ကာလျှံကာ နှိုးဆော်ပုံမျိုးမဟုတ်။ တော်တော့ကို လေးလေးနက်နက်ဖြင့် တွန်းတွန်းတိုက်တိုက် နှိုးဆော်လာခြင်း ဖြစ်ပါသည်။

ဘင်ဂလာ (Bangla) တဲ့။ ဘယ်လိုလမ်းအမျိုးအစားပါလိမ့်။ တစ်ခေါက်တော့ လျှောက်ဖြစ်အောင် လျှောက်သွားဦးမှဟု စိတ်ထဲ၌တေးပြီး အားခဲထားခဲ့ရာ တစ်ညသား၌ ဆိုက်ဆိုက်မြိုက်မြိုက်ကြီးကိုပင်လျှင် ဘင်ဂလာ (Bangla) လမ်းရှိရာသို့ ရောက်ရှိခဲ့ပါလေသည်။

*

[နှစ်]

ဖူးခက် (phuket) က ကျွန်းမြို့ဖြစ်ပါသည်။ ထိုင်းနိုင်ငံ၏ တောင်ဘက်အစွန်ဆုံးတွင်ရှိသည့် အပန်းဖြေစခန်းဒေသပင်ဖြစ်ပါ၏။ ပင်လယ်ထဲတွင် တောင်မြောက်ရှည်မျောမျောပုံသဏ္ဍာန်ရှိပြီး ပြည်မကြီးနှင့် ဆာယက်ဆင် (Sarasin) ဟူသော တံတားတစ်စင်းတည်းနှင့်သာ ဆက်သွယ်ထားသော ဒေသဖြစ်ပါသည်။ ဖူးခက်ကျွန်းက ဧရိယာ စတုရန်း

mgyoe.com

မိုင်ပေါင်း ၂၀၉ ဒသမ ၇ မိုင်ရှိပြီး ကီလိုမီတာနှင့် တွက်ပါက ဧရိယာ ၅၄၃ စတုရန်း ကီလိုမီတာ ကျယ်ဝန်းပါသည်။ ပင်လယ်ရေမျက်နှာပြင်အထက် ၁၇၃၆ ပေတွင် တည်ရှိပြီး တောင်ကုန်းတောင်တန်း လျှိုမြောင်ချောင်ချပ် အလွန်ထူထပ်သည့် ဒေသတစ်ခုပဲ ဖြစ်ပါသည်။

ကမ်းခြေပေါင်း ငါးဆယ်ဝန်းကျင်ခန့်ရှိသည်ဟုဆိုသော်လည်း နာမည်ကျော် ကမ်းခြေက နှစ်ဆယ်ဝန်းကျင်ခန့်သာ ရှိလိမ့်မည်ဟု ခန့်မှန်းရပါသည်။ ရေပတ်လည်ဝိုင်း ထားသည့် ကျွန်းကြီးဖြစ်သဖြင့် ကမ်းခြေများက ကျွန်းကို ဝိုင်းထားသည်ဟု ဆိုသော်လည်း ကမ်းခြေအများစုက ကျွန်း၏အနောက်ဘက်ခြမ်း၌သာ တည်ရှိနေကြခြင်းဖြစ်ပါသည်။

နာမည်ကျော်ကမ်းခြေများထဲ၌ Potong Beach ပါဝင်ပါသည်။ ဖူးခက်၌ လူသိအများဆုံး ကမ်းခြေ၊ နာမည်အကြီးဆုံးကမ်းခြေ၊ အစည်ကားဆုံးကမ်းခြေ တစ်ခု ဖြစ်ပြီး ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာ ၂၆ တွင် လှုပ်ခတ်ခဲ့သော ဆူနာမိ (Tsunami) လှိုင်း၏ ဒဏ်ကို အထိခိုက်ဆုံးခံစားခဲ့ရသည့် ကမ်းခြေလည်း ဖြစ်ပါသည်။

ဘင်ဂလာ (Bangla) လမ်းသည် ပတောင် (Patong) ကမ်းခြေ၌ ရှိပါသည်။ ပတောင် (Patong) ကမ်းခြေကို ပတ်ထားသည့် လမ်းမကြီးဖြစ်သော Tha wee wong လမ်းကို ဦးတိုက်ထားသည့်လမ်းပဲ ဖြစ်ပါသည်။ ထို့ကြောင့် ပင်လယ်ကို ခေါင်းထိုးထား သည့် လမ်းဟုပဲ ဆိုကြပါစို့။ လမ်းအရှည်မှာ ရန်ကုန်မြို့လယ်ရှိ လမ်းသွယ်နှစ်ခုစာ နီးနီးလောက် ရှည်လျားပါသည်။ လမ်းအကျယ်ကမူ လသာလမ်းလောက် မရှိတရှိ။

ဘင်ဂလာ ... တဲ့။

သည်လမ်းကို လျှောက်ဖို့ အိပ်ရာဝင်နောက်ကျသော ညတစ်ည၌ ဖူးခက်ကမ်းခြေ ရှိရာဆီသို့ ထွက်ခဲ့မိခြင်း ဖြစ်ပါသည်။

*

[သုံး]

ဘင်ဂလာလမ်းဆိုသည်မှာ မည်ကဲ့သို့ လမ်းအမျိုးအစားပါလဲဟု မေးခဲ့ပါက တိုတိုရှင်းရှင်း နှင့် လိုရင်းကို ဖြေရသော် လိင်ဈေးတန်းကြီးပဲ ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ကာမဂုဏ် လမ်းမကြီး။ ရမ္မက်တွေ ခြေချင်းလိမ်နေသည့် လမ်းမ။

လမ်းတစ်လျှောက်လုံးတွင် လမ်းဘေးဝဲယာ၌ စားသောက်ဆိုင်တွေချည်းပဲ ဖြစ်ပါ သည်။ ယမကာမျိုးစုံရရှိနိုင်သည့် ဆိုင်တွေ။ ဝိစကီမျိုးစုံ၊ ဝိုင်မျိုးစုံ၊ ဘီယာမျိုးစုံ။ ပင်လယ်စာ

mgyoe.com

 mgyoe.com SAMPLE BOOK

နှင့်တကွ မြည်းစမ်းကြည့်စရာ အစားအစာမျိုးစုံ။ စီးကရက်မီးခိုးငွေ့များက ထောင်းထောင်း ထလျက်။ တေးဂီတဖျော်ဖြေပွဲများတွင် ဇာတ်စင်တစ်နေရာရာဆီက ပေါ်ထွက်၍ လာတတ်သော မီးခိုးငွေ့များကလည်း ဟိုဆိုင်သည်ဆိုင်များဆီမှ မကြာခဏ ထွက်ထွက်၍ လာတတ်ပေရာ ဘင်ဂလာလမ်းမကြီး တစ်လျှောက်လုံးတွင် တစ်နေရာမဟုတ် တစ်နေရာဆီ၌ မီးခိုးငွေ့များ အူ၍ နေပါသည်။ တချို့ဆိုင်တွေက အပျံစား song box ကြီးများဖြင့် သွေးညှိကြွစရာ တေးဂီတများကို ဖွင့်လှစ်၍ ထားပေရာ ထိုဂီတသည် ဖွင့်ထားသည့် ဆိုင်တစ်ခုတည်းအတွက်သာမကဘဲ ဆိုင်နားနီးချင်းများကပါ မျှဝေသုံးစွဲသကဲ့သို့ ဖြစ်နေပြီး ဟိုဘက်ဆိုင်က ဂီတနှင့် သည်ဘက်ဆိုင်က က ချင်လည်း ကလို့ရသည့် အနေအထားမျိုး ဖြစ်ပါသည်။ လျှပ်စစ်မီးက ရောင်စုံဖြစ်ပါသည်။ တချို့နေရာတွေမှာက လင်းတစ်ခါ မှိတ်တစ်လှည့်။ ဆိုင်တိုင်းလိုလို၊ စားပွဲတိုင်းလိုလို၌ လူတွေဖြင့် ပြည့်နေလေ့ရှိပြီး ဘင်ဂလာလမ်းတစ်လျှောက်လုံးမှာလည်း အစုန်အဆန်ပွဲဈေးတန်းလျှောက်သလို လျှောက်နေကြကာ ရပ်ငေးသူ၊ ရပ်မေးသူတို့ဖြင့် ပျားပန်းခပ်၍ နေပါသည်။

ဆိုင်တစ်ဆိုင်ကမူ သုံးထပ်တိုက်ဖြစ်ပါသည်။ တိုက်မျက်နှာစာ၌ အထပ်တိုင်းတွင် စင်္ကြံကလေးတွေ ထည့်ထားပါသည်။ အထက်အောက်စင်္ကြံတစ်ခုနှင့် တစ်ခုကို သံမဏိပိုက်လိုင်းများဖြင့် တွယ်တက်၊ တွယ်ဆင်း၍ ရပါသည်။ စင်္ကြံတစ်ထပ်ချင်းဆီမှာက ယောကျ်ားသုံးယောက်စီ။ စွပ်ကျယ်ချိုင်းပြတ်ကို လက်တစ်ဖက် ဖြုတ်ထားကြလေရာ သူတို့၏ တောင့်တင်းသော လက်မောင်းသားများနှင့် ရင်အုံများကို မြင်နေရပါသည်။ ထို့ပြင် သူတို့အားလုံးက ဘောင်းဘီအတိုများနှင့်ဖြစ်ရာ ပေါင်နှင့်ခြေသလုံးဆီမှ ကြွက်သားများကိုလည်း အမြှောင်းလိုက် တွေ့နေရပါသည်။ အားလုံး အသက်ခပ်ရွယ်ရွယ် လူငယ်တွေချည်း ဖြစ်ကြပြီး စင်္ကြံတစ်ထပ်နှင့် တစ်ထပ်ကို သံမဏိပိုက်လိုင်းများမှ တစ်ဆင့် တွယ်တက်သွားလိုက်ကြ၊ တွယ်ဆင်းလာလိုက်ကြ၊ မိမိတို့ ဖွားဖက်တော်ရှိရာဆီသို့ လက်နှင့် နှုတ်ပြလိုက် လုပ်နေကြခြင်းဖြစ်ပါသည်။ ယင်းကိုကြည့်ကာ အဘယ်သို့သော အမျိုးကောင်းသားကို ခေါ်သွားရလျှင် ကောင်းလေမလဲဟု အကဲဖြတ်နေသူတွေက မျက်နှာချင်းဆိုင် ပလက်ဖောင်းပေါ်ရှိ ဘီယာစားပွဲဝိုင်းဆီမှ နိုင်ငံခြားသားတွေချည်း ဖြစ်ပါသည်။ ယောကျ်ားတွေလည်းပါရဲ့။ မိန်းမတွေလည်းပါရဲ့။ ကိုယ့်အလိုဆန္ဒကို ဖြည့်စွက်ပေးမည့် အားကောင်းမောင်းသန် ယောကျ်ားပြည့်တန်ဆာကို လာရှာသည့်သူတွေ။

ဆိုင်တစ်ဆိုင်ကမူ ကျွန်းစားပွဲအဝိုင်းကြီးတွေနှင့် ဖြစ်ပါသည်။ ထိုစားပွဲကြီးများ၏ အလယ်ဗဟို၌မူ သံမဏိပိုက်လိုင်းတစ်ချောင်းက ဆိုင်မျက်နှာကြက်ရှိရာဆီသို့ တက်သွား

mgyoe.com



မြှူဆွယ်နေတဲ့ ပုရိသများ

ပါသည်။ ထိုတိုင်ကို ဖက်ကာ စားပွဲခုံပေါ်၌ တွန့်လိမ်ပြီး ကနေသူတွေက မိန်းမလျာတွေ။ ရုပ်ချောချော အရုပ်အမောင်းကောင်းကောင်းတွေချည်း။ ဟော်မုန်းကို စားလည်းစား၊ ထိုးလည်းထိုးလို့ပေလား (သို့မဟုတ်) ဆီလီကွန်တွေပင် ထည့်သွင်းထား၍ပေလား မပြောတတ်။ တကယ့် မိန်းမလှနှင့် မခြားလောက်အောင် လုံးဝန်းပြည့်ကားသည့် ရင်သားများကို ဗလာကျင်းကာ စကတ်အတိုကလေးများ၊ လက်တစ်ဝါးသာသာ ဆောင်းဘီကလေးများဖြင့် ကပြနေကြခြင်း ဖြစ်ပါသည်။ လူတွေက စားပွဲခုံ နှုတ်ခမ်းသားများပေါ်၌ ယမကာခွက်ကို ချကာ ဆူပွက်သည့်ဂီတအောက်၌ ကသူကို မော့ကြည့်ငေးမျှော်ရင်း ထိုညအတွက် ဝယ်၊ မဝယ် ဆုံးဖြတ်ကြခြင်း ဖြစ်ပါသည်။ အကြိုက်ကြီး ကြိုက်ခဲ့သော် ဖူးခက်ကမ်းခြေ၌အနားယူစဉ် တွဲဖက်ပတ်ဆယ်ရက်တန်သည်ဖြင့် ဝယ်ယူထား၍လည်းရနိုင်သည့် ဈေးကွက်ဖြစ်ပါသည်။

အမျိုးသမီး အစစ်များကလည်း ဖီးလိမ်ဝတ်စားပြင်ဆင်ကာ တစ်ဆိုင်ဝင် တစ်ဆိုင်ထွက်၊ တစ်စားပွဲကနေ တစ်စားပွဲကူးကာ အကြည့်ဖြင့်၊ အပြုံးဖြင့်၊ စကားလုံးဖြ

mgyoe.com

 mgyoe.com SAMPLE BOOK

ဈေးဝယ်သူကို ရှာကြခြင်း ဖြစ်ပါသည်။ တချို့ဆိုင်များကမူ ဆိုင်တွင်းက ဆူပွက်သော ဂီတသာမကဘဲ ဆိုင်ထဲက လူတွေပါ ဘင်ဂလာလမ်းပေါ်သို့ လျှံကျလာပြီး လမ်းပေါ်၌ပင် ကနေကြပြန်ပါသည်။

ညဥ့်နက်လာလေလေ ဘဝရမ္မက်က အခိုးအလျှံများ ထွက်လာလေလေ။ ညဥ့်သန်းခေါင်ကျူးလေလေ ဘဝအမှောင်ကူးလေလေ။ ဘင်ဂလာလမ်းဟာ နှုတ်ခမ်းကြီးတွေကွဲလို့။ မျက်လုံးကြီးတွေရွဲလို့။ စကားသံက မသဲမကွဲ။ မိန်းမ၊ ယောကျ်ား ဘင်ဂလာလမ်းပေါ်မှာ ဘာမှ မကွဲပြားပါလေတော့။

*

[လေး]

ကစ်ည ဘင်ဂလာလမ်းကို ဖြတ်လျှောက်တော့ တစ်လမ်းလုံး တိတ်ဆိတ်၍ နေပါသည်။ ဲစ်ဆိုင်မှ မဖွင့်။ လူသူတစ်ဦးတစ်ယောက်မှမရှိ။

"ကဆုန်လပြည့်နေ့လေ"

ဒေသခံက အံ့သြနေသည်ဟု ထင်သွားလို့လားမသိ။ မမေးဘဲနှင့် ဖြေခြင်းဖြစ်ပါသည်။

ထိုင်းဘုရင်၏ မွေးနေ့လို၊ ထိုင်းမိဖုရား၏ မွေးနေ့လို၊ ကဆုန်လပြည့်နေ့လို၊ ဝါဆို လပြည့်နေ့လို၊ သီတင်းကျွတ်လပြည့်နေ့လို၊ အခါကြီးရက်ကြီးများ၌ ဘင်ဂလာလမ်းကို ထိုသို့ သန်းခေါင်အထိ ပိတ်ထားလေ့ရှိသည်ဟု ဆိုပါသည်။

သန်းခေါင်က နည်းနည်းကလေးကျူးသည်နှင့် ယစ်မူးရီဝေဖို့ရာ လူတွေ အဆင်သင့်။ ညို့ယူဖမ်းစားဖို့ရာ အဆင်သင့်။

ထို့ကြောင့် ထင်ပါ၏။ ပိတ်ထားသည့် ဆိုင်တစ်ဆိုင်ရှေ့တွင် နိုင်ငံခြားသားတစ်ယောက် သူ့လက်ပတ်နာရီကို ငုံ့ငုံ့ပြီး ကြည့်လို့။ သန်းခေါင်ယံရောက်ဖို့ စောင့်နေလိုက်တာ။ ကဆုန်လပြည့်တော့ ဘာဖြစ်သလဲဆိုသည့် အလိုမကျသည့် မျက်နှာ။

ဩော် ... ဘင်ဂလာ ... ဘင်ဂလာ။ ညလုံးပေါက် လူဈေးတန်းခင်းကျင်းကြရာ ဘင်ဂလာ။ ပင်လယ်ကြီးဆီသို့ ဦးတိုက်ထားရာ ဘင်ဂလာ။ အိပ်ရေးမှ ဝပါရဲ့လား အို ... ဘင်ဂလာ။

■

mgyoe.com

mgyoe.com SAMPLE BOOK

ရှက်တတ်ရင် ဆက်မဖတ်နဲ့တော့

[တစ်]

ထိုင်းနိုင်ငံ၏ တောင်ဘက်အကျဆုံး အစွန်အဖျားမြို့တော် ဖူးခက်(Phuket)၊ ပြည်မကြီးနှင့် ဆာယက်ဆင် (Sarasim) ဟူသည့် တံတားတစ်စင်းတည်းနှင့်သာ ဆက်သွယ်ထားပြီး ထိုတံတားမရှိတော့လျှင် လေကြောင်းမှတစ်ပါး မည်သို့မှ အဆက်အသွယ်လုပ်လို့ မရနိုင်တော့သည့် ဖူးခက် (Phuket)၊ ရေပတ်လည်ဝိုင်းထားသော ပင်လယ်ထဲက ကျွန်းဖြစ်သည့်အတွက် ကမ်းခြေ (Beach) တွေက ကျွန်းပတ်ပတ်လည်ကို ဝိုင်းထားပေရာ ပင်လယ်ကမ်းခြေပေါင်း ငါးဆယ်ဝန်းကျင်ပိုင်ဆိုင်ထားသည့် ဖူးခက်(Phuket)၊ မြန်မာနိုင်ငံသား လေးသိန်းနှင့် အထက် အလုပ်လုပ်နေကြရာ ဖူးခက်(Phuket)၊ ကမ္ဘာလှည့်ခရီးသည်တွေ ကြိတ်ကြိတ်တိုး၊ ဖွေးဖွေးလှုပ်လာရောက်အပန်းဖြေကြရာ ဖူးခက် (Phuket)၊ လျှပ်စစ်မီးမပြတ်သော ဖူးခက် (Phuket)၊ အဖု၊ အထစ်၊ အချိုင့်အခွက်မရှိနက်မှောင်တောက်ပြောင်လှစွာသော နိုင်လွန်ကတ္တရာလမ်းတွေရစ်ခွေယှက်သိုင်းထားသည့် ဖူးခက် (Phuket)၊ ဧရာမ Super Market ကြီးတွေနှင့် ဖူးခက် (Phuket)။

ဖူးခက်နေ မိတ်ဆွေများက ဖူးခက်ကို ရောက်မှဖြင့် ရှိုးပွဲ (Show) ကလေးတော့ ကြည့်သွားဦးဟု ဖိတ်မန္တက ပြုလာပါသည်။ ရှိုးပွဲတဲ့။ ဘာရှိုးပွဲများပါလိမ့်။ သူတို့ မျက်နှာပေါ်၌ ဖြတ်ပြေးသွားသော ပြုံးရိပ်ပြုံးယောင်အစအနကလေးများကို ဖျတ်ခနဲ ဖတ်ရှုလိုက်ရ၍ နှင့် မည်သို့သော ရှိုးပွဲမျိုး ဖြစ်လေမလဲဆိုသည်ကို မှန်းဆ၍ရပြီး ဖြစ်ပါသည်။ လူတွေ

mgyoe.com

အသက်ဘယ်လို ရှင်သန်ကြရရှာလေသလဲ။ တစ်ဝမ်းတစ်ခါး ရပ်တည်နိုင်ရေးအတွက် လူသား၏ ဂုဏ်သိက္ခာနှင့် အရှက်တရားကို မည်မျှအထိ အပွန်းအပဲ့ခံကြရရှာလေသလဲ။
သည့်အတွက် ရှိုးပွဲကိုလိုက်ဖို့ ဆုံးဖြတ်မိခြင်း ဖြစ်ပါသည်။

*

[နှစ်]

သည်လိုပွဲတွေ၊ သည်လိုနေရာမျိုးတွေ၌ ရှိတတ်ကြောင်းကို စာတွေ့ကတော့ မကြာခဏ ဖတ်ဖူးပါသည်။ ဖော်နတ်ဖော်အမည်ဖြင့် ချစ်မိတ်ဆွေ ဒေါက်တာဖော်မင်း အင်္ဂလိပ်ဘာသာမှတစ်ဆင့် ထိုင်းဝတ္ထုတို တစ်ပုဒ်ဘာသာပြန်ဖူးပါသည်။ ရောင်းရင်းကြီးကိုမင်းဒင်လည်း သူ့ 'မင်းဒင်ရဲ့ သက်ခိုင်' စာအုပ်တစ်နေရာ၌ 'နတ်မိမယ်တို့ ပျော်စံရာ' ဟူသော ခေါင်းစဉ်ခွဲဖြင့် ထည့်သွင်းမှတ်တမ်းတင်ခဲ့ဖူးပါသည်။ ခုတော့ဖြင့် နဖူးတွေ့ ဒူးတွေ့။

ရှိုးပွဲကျင်းပရာ အဆောက်အအုံက တက္ကသိုလ်ကျောင်းရှိ စာသင်ခန်းတစ်မျိုးဖြစ်သော သီရေတာ (Theatre) နှင့် တော်တော့ကိုဆင်ပါသည်။ နောက်ဆုံးတန်းက အမြင့်၊ ရှေ့ဆုံးတန်းက အနိမ့်။ ဇာတ်ခုံ (Stage) က ဆယ်ပေပတ်လည်ခန့်ရှိပြီး နှစ်ပေလောက်ပဲ မြင့်သဖြင့် ဇာတ်ခုံပေါ်က ကိစ္စဝိစ္စများကို ကွက်ကွက်ကွင်းကွင်း မြင်နေရသည့် အခင်းအကျင်းဖြစ်ပါသည်။ ထိုင်ခုံများက ဇာတ်ခုံကို ဂ-ငယ်ပုံစံ ဝိုင်းထားပြီး ရှေ့ဆုံးခုံနှင့် ဇာတ်ခုံကြားမှာ သုံးလေးပေသာ ခြားပါသည်။ ဇာတ်ခုံ၏ ရှေ့မျက်နှာစာတွင် ရေချိုးဇလားကြီးက တစ်ခု။

မမြင်သင့်၊ မမြင်အပ်သည့် အရာများကို ပြစားသည့် ပွဲပေမို့ ဇာတ်ခုံပေါ်မှာ မည်သည့် အကာအရံမှ မရှိ။ အသုံးတော်ခံမည့်သူများ ထွက်၍ထွက်၍လာကြရာ ဇာတ်ခုံအနောက်ဘက်အခန်းကိုသာ ခန်းဆီးတစ်ခုဖြင့်ကာထားပြီး ထိုခန်းဆီးကို ဆွဲဖယ်ကာ အဝင်အထွက်လုပ်နေကြခြင်း ဖြစ်ပါသည်။ ဇာတ်ခုံ၏ ဘယ်ညာတစ်ဖက်တစ်ချက်စီ၌ ဇာတ်ခုံမျက်နှာပြင်ပေါ်ကနေ မျက်နှာကြက်ဆီသို့ ဖောက်ဝင်သွားသည့် သံမဏိတိုင်နှစ်ချောင်းရှိပါသည်။ မီးတွေက လင်းချည်မှောင်ချည်။ နောက်ခံ တေးဂီတက တိုးတစ်ခါ ကျယ်တစ်လှည့်။

အဝင်အဝအပေါက်က ဝန်ထမ်းက ပွဲကြည့်သူတိုင်းကို နိုင်ငံကူးလက်မှတ်ပြခိုင်းပါသည်။ သဘောက နိုင်ငံခြားသားများသာ ဝင်ရောက်ခွင့်ရှိသည်ဆိုသည့်သဘော။ ထိုင်း

mgyoe.com

mgyoe.com

နိုင်ငံသားမှန်လျှင် မဝင်ရဆိုသည့်အစီပွဲယ်။ လက်ကိုင်ဖုန်းတွေ အပေါက်ဝမှာထားခဲ့။ ကင်မရာတွေ အပေါက်ဝမှာ ချန်ခဲ့။ လက်မှတ်ပေါ်၌ ဘတ် ၂,၅၀၀ ရေးထားပေရာ လူတစ်ယောက် မြန်မာငွေ ၇၅,၀၀၀ ကျပ်ပေးမှ ကြည့်ရသည့်ပွဲ။

*

[သုံး]

ရှက်တတ်လျှင်ကျော်ဖတ်ဖို့ မေတ္တာရပ်ခံလိုပါသည်။ မျက်စိတို့၊ နားတို့ ခံသာအောင် မည်ကဲ့သို့ရေးပြရမလဲဆိုသည်ကို စဉ်းစားမရနိုင်ပါ။

အမျိုးသမီးငယ် သုံးဦးထွက်လာကြပါ၏။ အလယ်က အမျိုးသမီးက ကိုယ်လုံးတီး။ ဝဲယာတစ်ယောက်စီက အတွင်းခံ ဘောင်းဘီမျှသာ။ ကိုယ့်ကိုယ်ကို ပွတ်သပ်တွန့်လိမ်လျက်၊ သံမဏိတိုင်ကို ဖက်ကာ ကိုယ်ကာယအလှပေါ်လွင်အောင် တစ်ပတ်လည်ပြလျက်၊ အတွင်းခံ ဘောင်းဘီဝတ်ထားသူနှစ်ဦးက ဆွဲချွတ်ပြလျက် တင်ဆက်သွားသည့် မြင်ကွင်း။

အမျိုးသမီးငယ်နှစ်ယောက်ကိုယ်လုံးတီးထွက်လာကြပြန်ပါ၏။ ကိုယ်ဟန်ပြကြပြီးနောက် သူတို့၏ မိန်းမကိုယ်ထဲ၌ထည့်ထားသည့် ဘလိတ်ဓားများမှာ ကြိုးဖြင့်သီပြီး ထည့်ထားခြင်းဖြစ်ရာ ထိုဘလိတ်ဓားကြိုးတန်းကြီးကို ကျန်လုံးတီးပျိုနှစ်ယောက်က ဆွဲထုတ်ပြီး ပရိတ်သတ်ထဲသို့ ဆင်းလာသည့် မြင်ကွင်း။

အမျိုးသမီးနှစ်ယောက်က ကိုယ်လုံးတီးထွက်လာသည်။ ထို့နောက် မိန်းမကိုယ်ထဲသို့ ပိုက်လုံး ခပ်ရှည်ရှည်ကို ထိုးထည့်သည်။ ထိုပိုက်လုံးထဲသို့ မြားတံကို တစ်ချောင်းပြီး တစ်ချောင်းထည့်ကာ ကော့၍ကော့၍ ညှစ်ပြီးပစ်သည်။ ကျန်သုံးလေးယောက်က ပူဖောင်းများကို ကိုင်ကာ ဓာတ်ခုံတစ်နေရာ၌ ရပ်နေရာ မြားမှန်သည့် ပူဖောင်းတို့ တဖောင်းဖောင်း ပေါက်သည့် မြင်ကွင်း။ မှန်သည်လည်းရှိ၊ မမှန်သည်လည်းရှိ။

အမျိုးသမီး နှစ်ယောက် ကိုယ်လုံးတီး ထွက်လာကြပြန်ပါသည်။ လက်ထဲတွင် ငှက်ပျောသီးကလေးတွေနှင့်။ ပထမတော့ စားပြပါသည်။ ထို့နောက်တွင်ကား မိန်းမကိုယ်ထဲသို့ တစ်လုံးပြီး တစ်လုံး ထည့်ကာ ညှစ်၍ပစ်ပြပြန်ပါသည်။ အဖွဲ့သားများက ပစ်လွှတ်လိုက်သော တိုက်ချင်းပစ် ငှက်ပျောသီးများကို ပလတ်စတစ်ခြင်းကလေးများဖြင့် လိုက်လံခံယူသည့် မြင်ကွင်း။ ရသည်လည်းရှိ၊ ကျသည်လည်းရှိ။

အမျိုးသမီး နှစ်ယောက် ကိုယ်လုံးတီးထွက်လာကြပြန်ပါသည်။ မီးခြစ်ကိုယ်စီ၊

mgyoe.com

စီးကရက်ကိုယ်စီနှင့်။ ကိုယ်ဟန်အမျိုးမျိုးနှင့် စီးကရက်ကို မီးညှိသောက်ပြပြီးသည့်နောက် ခြေအစုံကိုကားကာ မိန်းမကိုယ်ထဲသို့ စီးကရက်ထည့်ပြီး မီးခိုးထောင်းထောင်းထအောင် ဖွာပြသည့် မြင်ကွင်း။

မိန်းမလျာ တစ်ဦးကမူ အနည်းငယ် မှောင်ထားသည့် ဇာတ်စင်ကြမ်းပြင်ပေါ်၌ မီးစုန်းဖြင့် လင်းနေသော စားပွဲတင်တင်းနစ်အရွယ် ဘောလုံးကလေးများကို မစင်ပေါက်ထဲသို့ ထည့်ကာ တစ်လုံးချင်းပစ်ပြန်ပါသည်။ ယင်းကို ခြင်းဖြင့် လိုက်ခံသည့် မြင်ကွင်း။

မိန်းမပျိုက ကလေးဆော့သည့် အိုးစည်ကို ကိုင်ထား၊ လုံးတီးယောကျ်ားက မတော်သည့်အရာဖြင့် ယင်းဖုံးစည်ကို ပြောင်းဆန်အောင် တီးပြ။ ယောကျ်ားတန်ဆာဖြင့် ရှစ်ပေါင်လေးသည့် ကွန်ကရစ်တုံးကို မပြ။ ကျား၊ မစုံတွဲထွက်လာကြကာ လင်မယားကိစ္စ ကမ်းကုန်အောင် ဖြစ်နေပုံများကို ပြသ။ ရေချိုးဇလားကြီးထဲတွင် လုံးတီးပျိုက ကိုယ်ဟန် အလှဖော်ကာ ရေချိုးပြ။ အမျိုးသမီးနှင့်မခြား အလှကြွယ်သူက ကိုယ်ဟန်အမျိုးမျိုးပြပြီး ခါမှ အတွင်းခံဘောင်းဘီကို ချွတ်ချလိုက်ကာ ယောကျ်ားဖြစ်ကြောင်းပြသ။ ဝန်ထမ်း ယောကျ်ားပျို နှစ်ယောက်ကမူ ပြကွက်တစ်ခုပြီးသွားလေတိုင်း ဇာတ်ခုံကြမ်းပြင်ကို တလိမ့်တုံးဖြင့် လိမ့်လိမ့်ပြီး သန့်ရှင်းရေး လုပ်ပါသည်။

အရေးကြီးဆုံး တစ်ချက်မှာ ထိုပွဲ၌ ကပြအသုံးတော်ခံနေသူတွေအားလုံး ဇာတ်ခုံပေါ်ရှိ မီးရောင်အောက်၌ မျက်နှာကလေးတွေ ပြုံးချိုနေသော်လည်း ပြကွက်အပြင်သို့ ရောက်သွားသည်နှင့် မျက်နှာထားတွေအားလုံး တင်းမာခက်ထန်သွားကြခြင်း ဖြစ်ပါသည်။

ငွေ၊ ငွေ၊ ငွေ၊ ထမင်း၊ ထမင်း၊ ထမင်း။ ပျော်လွန်းလို့ အသုံးတော်ခံနေတာ မဟုတ်။ စားဖို့၊ သောက်ဖို့၊ အသက်ရှင်ဖို့။ လူတွေဟာ သည်လောက်အထိ အောက်ကို ဆင်းပြီး ကိုယ့်ကိုယ်ကို ခင်းကျင်းကာ ထမင်းရှာစားကြရကုန်ပြီလား။ မြက်မြက်ကလေး ရလို့ဆိုခဲ့ရင်ကော ဘယ်လောက်အထိ ပမာဏ များပြားတဲ့ မြက်မြက်ကလေးပါလိမ့်။

*

[လေး]

ရှိုးပွဲဝန်ထမ်းတို့က ကျားကျား၊ မမ မြန်မာနိုင်ငံကချည်းပဲများပါသည်။ လက်မှတ်ရောင်း၊ လက်မှတ်သိမ်း၊ ပစ္စည်းစစ်၊ နေရာချ။

ဖိုမကိစ္စခင်းကျင်းပြသနေတာ လင်မယားလားဟု မေးမိတော့ ဆရာကလည်း လင်မယားပေါ့တဲ့။ လင်မယားမဟုတ်ဘဲ ဘယ်လိုလုပ်ပြလို့ ရမလဲတဲ့။ တစ်နေ့တစ်နေ့

mgyoe.com

mgyoe.com SAMPLE BOOK

သုံးပွဲမျှပြသနေရခြင်းဖြစ်ရာ ဘယ်လိုလုပ်ပြီး အခုလိုဟု မေးခွန်းကို တန်းလန်းကြီး ထားလိုက်လေသောအခါ ဆေးပေါ့ဆရာရယ်တဲ့။ စားဆေး၊ ထိုးဆေး၊ လိမ်းဆေးတဲ့။

ရင်ထဲမှာ ပျော်စရာမကောင်းပါဘူး။ ကြေကွဲစရာကြီးပါ။ ဘယ်သူတွေက ဒါကို အရသာခံလို့ ကြည့်ကြလေသလဲ။

"အနောက်ကမ္ဘာလူတွေနဲ့ ဥရောပသားတွေကတော့ သိပ်မလာဘူးဆရာရဲ့။ လာမိရင်လည်း နည်းနည်းကြည့်ပြီးတာနဲ့ ပြန်ထွက်သွားတာများတယ်"

ဒါဆို ဘယ်သူတွေ အလာများသလဲဟု မေးမိတော့ ကမ္ဘာ့အင်အားကြီး လက်ဝဲ နိုင်ငံနှစ်ခု၏ အမည်နှင့် အရှေ့တိုင်းနိုင်ငံတစ်ခု၊ နှစ်ခု၏ အမည်ကို ပြောပါသည်။ အံ့ဩစရာကောင်းလိုက်တာ။

ကျွန်းပတ်ပတ်လည်မှာ ပင်လယ်လှိုင်းတွေနဲ့ ဝုန်းဒိုင်းကြဲနေတဲ့ ဖူးခက်ရေ။ ခရီး တစ်ထောက်နားသူ ဧည့်သည် တချို့ရဲ့ ရင်ထဲမှာ ဝုန်းဒိုင်းတွေ ကြဲခဲ့ပါပေါ့။

■

mgyoe.com

mgyoe.com SAMPLE BOOK

ဒရောသောပါး ဘန်ကောက်

[တစ်]

ကွယ်လွန်သူ သံအမတ်ကြီး ဦးသက်ထွန်း၏ စာများကို စွဲစွဲလမ်းလမ်း ဖတ်လေ့ရှိရာ "မြန်မာတစ်ဦး၏ ကမ္ဘာအမြင်" စာအုပ်ထဲ၌ အိမ်နီးချင်း ထိုင်းနိုင်ငံအကြောင်း ရေးပုံကလေး စိတ်ထဲမှာ စွဲငြိမိပါသည်။ ဆရာကြီးက မြန်မာနှင့် ထိုင်းကို အင်္ဂလိပ်လို ခေါင်းစဉ်ပေးလိုက်ပုံက "Not so Identical Twins" တဲ့။ ဒါကိုပဲ မြန်မာလို ပြန်ရေးထားလိုက်ပုံကလေးက "သိပ်မတူသော အမြွှာညီနောင်" တဲ့။

သည်ခေါင်းစဉ်အောက်တွင် နိုင်ငံခြားရောက် ကျောင်းသားတို့ ဗရုတ်ကျကြလေသောအခါ မြန်မာကျောင်းသားက ထိုင်းကျောင်းသားယောင်ဆောင်ကာ ထိုင်းကျောင်းသားက မြန်မာကျောင်းသားယောင်ဆောင်ကြပုံများ၊ ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ရာ၌ တူညီကြပုံများ၊ ဆင်ဖြူကို ရတနာအဖြစ် တပ်မက်ကြပုံများ၊ စကားပြောရာတွင် Sing-Song Languages ခေါ် နိမ့်မြင့်သံဖြင့် ပြောကြပုံများ စသည် စသည်ဖြင့် နှိုင်းယှဉ်ရေးသားထားခဲ့ရာ တော်တော့်ကို ပေါ်လွင်လှပါသည်။ ဘန်ကောက် ဆင်ခြေဖုံးမှာ ဓနိပင်လေးတွေ ပေါက်နေပုံက ရန်ကုန်နဲ့ တူလှပါဘိ။

မှန်ပါ၏။ ထိုင်းနှင့် မြန်မာကို ခွဲခြားဖို့ရန်မှာ နည်းနည်းကလေး ခက်ပါသည်။ စကားပြောလိုက်တော့မှသာ သိသိသာသာ ကွဲပြားသွားခြင်း ဖြစ်ပါသည်။ ဘန်ကောက်လို မြို့တော်ကြီးမှာပင်လျှင် အင်္ဂလိပ်စကားကို ပြောဆိုဖို့ရာ လူတော်တော်ရှာရပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဘန်ကောက်မြို့လယ်က ဒီမိုကရေစီ ကျောက်တိုင်

ထိုင်းတွင် ဘန်ကောက်နှင့် ဇင်းမယ်၊ ဂလွဲလျှင် မြို့သိမ်မြို့မွှားကလေးတွေချည်းပဲ ဖြစ်ရာ ထိုင်းမှန်လျှင် ဘန်ကောက်သားဖြစ်ဖို့၊ ဘန်ကောက်မှာ နေနိုင်ဖို့ ကြိုးပမ်းကြသူတွေ ချည်းပဲ ဖြစ်ပါသည်။

မြန်မာတို့က ထိုင်းကို ရှမ်းဟု ခေါ်ကြမြဲ ဖြစ်ပါ၏။ ထိုင်းစကားကို ရှမ်းစကားတဲ့။ ထိုင်းအစားအစာကို ရှမ်းစာတဲ့။ ထိုင်းဘက်ကမ်းကို ရှမ်းကမ်းတဲ့။

မြန်မာကို ထိုင်းက ကြိုက်သလားဟု မေးကြည့်ဖူးပါသည်။ ဘန်ကောက်ရောက် မြန်မာတို့က သေသေချာချာ စဉ်းစားပြီးမှ ဖြေပါသည်။ မကြိုက်ပါတဲ့။ ထိုင်းကျားများ၊ ထိုင်းမများက မြန်မာဆိုလျှင် ကျားကျားမမ ဘဝချင်း ပေါင်းစပ်ဖို့ စဉ်းစားခဲပါလေသတဲ့။ သို့သော် ထိုင်းမှာ မြန်မာတွေ အများကြီး။ ဘန်ကောက်နှင့် ရန်ကုန် ကူးသန်းနေသည့် လေယာဉ်ကြီးတွေထဲမှာ အများစုက ထိုင်းနှင့် မြန်မာများ။

*

mgyoe.com

mgyoe.com SAMPLE BOOK

[နှစ်]

ကမ္ဘာ့ ဧရာမမြို့တော်ကြီးများထဲ၌ ရန်ကုန်မပါဝင်သော်လည်း ဘန်ကောက်ကတော့ ပါပါသည်။ ဘန်ကောက်ကို အလျင်အမြန်ကြီးထွားဖွံ့ဖြိုးလာစေရန် လုပ်ဆောင်ရာ၌ ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်၏ ကျေးဇူးနှင့် မကင်းပါ။ ထိုင်းတွင် ရောက်တတ်သမျှသော နေရာ၊ တွေ့တတ်သမျှသော လူတို့နှင့် စကားပြောကြည့်ရာ သက်ဆင်ကို ကြိုက်ကြောင်းပြောသူတွေက အရေအတွက် မနည်းလှပါ။

ဒွန်မောင်း (Don Mneang) လေဆိပ်ကြီး ကြီးကျယ်ခန်းနားလှသည်မှာ မှန်ပါ၏။ သို့သော် ပါးစပ်အဟောင်းသားကို ပြန်ပိတ်၍ မသွားနိုင်လောက်အောင် တည်ဆောက်ပစ်လိုက်သည့် သုဝဏ္ဏဘူမိလေဆိပ်ကြီးက သက်ဆင်၏ အားထုတ်ခဲ့မှု ဖြစ်ပါသည်။

ဘန်ကောက်ဒေသတွင် ပြေးလွှားနေသည့် တက္ကစီများတွင် နှစ်လသက်တမ်း၊ သုံးလသက်တမ်း သက်တမ်းတိုဖြင့် ပြေးလွှားနေသည့် တက္ကစီများရှိသကဲ့သို့ အမြဲတမ်းမီတာဖြင့် ပြေးဆွဲနေသည့် တက္ကစီများလည်း ရှိပါသည်။ တက်ပြီဆိုသည်နှင့် ၃၅ ဘတ်တဲ့။ မြန်မာငွေ ၁၀၀၀ ဝန်းကျင်။ တစ်ထွာလောက်လိမ့်ပြီး ပြန်ဆင်းလည်း ၃၅ ဘတ်။

ဘယ်သူစီးစီး ဘယ်စီးစီး အခမဲ့ ဘန်ကောက်ဘတ်စ်ကား

mgyoe.com

mgyoe.com SAMPLE BOOK

တစ်တောင်လောက် လိမ့်ပြီး ပြန်ဆင်းလည်း ၃၅ ဘတ်။ ခရီးဝေးလျှင်မူ ၃၅ ဘတ်တန် ခရီးအကွာအဝေးကို ရောက်ပြီးပါမှ မီတာက ဆက်တက်လာခြင်းဖြစ်ရာ စျေးဆစ်စရာမလို။ အတိအကျ။ တက္ကစီစီးရသည်မှာ စိတ်ချမ်းသာဖို့ ကောင်းပါသည်။

ဘတ်စ်ကားတွေကမူ အမျိုးမျိုး အထွေထွေ၊ ဘယ်အထိ စီးစီး ရှစ်ဘတ်ဆိုသည့် ကားကြီးတွေကို တွေ့နိုင်ပါသည်။ မြန်မာငွေ ၂၄၀ ဝန်းကျင်ပေါ့။ လေအေးပေးစက်ပါသော ကားတွေကမူ ခရီးအနီးအဝေးအလိုက်ကျသင့် ငွေတောင်းခံပါ၏။ ကြိုက်ဖို့ အကောင်းဆုံး ကားများမှာကား အမိုးအနီနှင့် ဟွန်ဒိုင်းဘတ်စ်ကားကြီးများပင် ဖြစ်ပါသည်။ အလကား။ တစ်ပြားမှ ပေးစရာမလို။ လိုင်းပေါင်းစုံ၌ အခမဲ့ဝင်ရောက်ပြေးဆွဲနေခြင်း ဖြစ်ရာ ကုန်ကျငွေကို နိုင်ငံတော်က ကျခံပေးထားခြင်း ဖြစ်ပါသည်။ ဒါတွေကို သက်ဆင်လက်ထက်ကပင် စီမံပေးထားခဲ့ခြင်း ဖြစ်ပါသည်။

ဘန်ကောက်က ကားပေါပါသည်။ ထို့ကြောင့် ကျပ်တန်သလောက်လည်း ကျပ်ပါသည်။ သို့သော် ရန်ကုန်လောက်တော့ မဆိုး။ ယင်းမှာ မိုးပျံတံတားကြီးများကြောင့်ဟု ဆိုနိုင်ပါသည်။ ပုံမှန်လမ်းမကြီးများပေါ်မှနေ၍ ဝဲယာမည်သည့်နေရာသို့ တက်လိုက်တက်လိုက် မိုးပျံလမ်းတွေအဆင့်ဆင့် အထပ်ထပ် ရှိနေပါသည်။ သက်ဆိုင်ရာ ကုမ္ပဏီများဂကောက်ခံသော လမ်းကြေးကို ဘတ် ၅၀၊ ဘတ် ၆၀ စသည်ဖြင့် ပေးပြီးလျှင် မောင်းပေတော့။ ဆူးလေဘုရားမှသည် ရွှေပြည်သာလိုမျိုး၊ လှိုင်သာယာလိုမျိုး၊ တွံတေးလိုမျိုး၊ ကွမ်းခြံကုန်းလိုမျိုး သွားမည့်သူအဖို့ အချိန်ကုန်ခံကာ အောက်လမ်းကနေ သွားနေစရာမလိုတော့။ သည်အခြေခံတွေက သက်ဆင်လက်ထက်က တည်ဆောက်ပေးထားခဲ့ခြင်း ဖြစ်ပါသည်။

*

[သုံး]

၁၉၄၉ ခု၊ ဇူလိုင် ၂၆ ၌ မွေးသူ သက်ဆင်ရှင်နာဝပ်ထရာ (Thaksin Shinawatra) ကို ထိုင်းနိုင်ငံပေါ် ဩဇာကြီးသူတစ်ယောက်အဖြစ် မီဒီယာများက ဖော်ပြကြမြဲ ဖြစ်ပါသည်။

ချင်းမိုင် (Chiang Mai) မြောက်ပိုင်းမြို့ကလေးတစ်မြို့ကနေ မွေးဖွားလာခဲ့သူ ဖြစ်ပြီး ရဲအရာရှိ သင်တန်းဆင်းတစ်ယောက်ဖြစ်ကာ ၁၉၇၃ တွင် အမေရိကန်နိုင်ငံကနေ ဘွဲ့လွန်ဒီဂရီယူလာခဲ့သူဖြစ်ပါသည်။ ၁၉၉၈ တွင် Thai Rak Thai ပါတီကို တည်ထောင်ကာ နိုင်ငံရေးလောကထဲသို့ ဝင်ရောက်ခဲ့သည်မှာလည်း အများအသိပင် ဖြစ်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

သူ့ပါတီ ထိုင်းရက်ထိုင်းက Thais Love Thais ဟု အမိပ္ပာယ်သက်ရောက်ပါလေသတဲ့။

၂၀၀၁ ၌ ဝန်ကြီးချုပ်ဖြစ်လာကာ ၂၀၀၆ တွင် ပြည်ပသို့ ခရီးထွက်နေစဉ် စက်တင်ဘာလထဲ စစ်တပ်က အာဏာသိမ်းသည်ကို ခံလိုက်ရခြင်း ဖြစ်ပါသည်။ သို့ဖြင့် UK သို့ သွားနေ၊ ထို့နောက် နိုင်ငံအတွင်းသို့ ပြန်လာကာအမှုကို ရင်ဆိုင်၊ နောက်ဆုံး လန်ဒန်နှင့် ဒူဘိုင်း၌ တစ်လှည့်စီနေရင်းက အသက် ၆၅ နှစ်တမ်းကို ဖြတ်သန်းနေခြင်း ဖြစ်ပါသည်။

သက်ဆင်လက်ထက်၌ လူထုဆက်သွယ်ရေး ကွန်ရက်ကြီးကို အောင်မြင်စွာ တည်ဆောက်ပေးနိုင်ခဲ့သည်။ Mobile Phone Sim Card တစ်ခု ၄၉ ဘတ် (ကျပ် ၁၅၀၀ ဝန်းကျင်) ကို ကြိုက်သည့်နေရာ၌ ကြိုက်သရွေ့ ကြိုက်သည့်လူ ဝယ်ယူနိုင်အောင် ဖန်တီးခဲ့သည်။ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းကို အထူးဂရုစိုက်၍ စီမံပေးခဲ့သည်။ ၂၀၀၄ ဆူနာမီဒေါ အန္တရာယ်သင့်သူများကို မြန်မြန်ဆန်ဆန် ထိထိရောက်ရောက် ကူညီကယ်မခဲ့သည်။ ဘန်ကောက်ကို ခွထားသည့် ချောင်ဖယားမြစ်ပေါ်က အပျံစားတံတားကြီးတွေကို စီမံဖန်တီးပေးခဲ့သည်။ ထို့ကြောင့် သူ့ကို ဆင်းရဲသားလူထုက ထောက်ခံခဲ့ကြခြင်း ဖြစ်ပါသည်။

အခုရက်တွေထဲ ဝန်ကြီးချုပ်ကနေ ပြုတ်ထားသည့် သူ့ညီမ ယင်လပ် (Ying Luck) နှင့် အစ်ကိုကြီး သက်ဆင်တို့ ၂၄–၇–၁၄ တွင် ပဲရစ်၌ တွေ့ဆုံပွေ့ဖက်နေသည့် ပုံများမီဒီယာတွေ၌ တွေ့နေရပါသည်။

သက်ဆင်က ရှပ်နီ ဖြစ်ပါသည်။ သူ့ကို ဆန့်ကျင်သူတွေက ရှပ်ဝါ ဖြစ်ပါသည်။ သက်ဆင်ကို တပ်က အာဏာသိမ်းစဉ် ၂၀၀၆ တုန်းက စစ်သားတွေ အစိမ်းရောင်ဝတ်ထားကြရသော်လည်း ရင်ထဲကမူ အနီကို ကြိုက်နေကြသဖြင့် Water Melon Soldiers ဆိုသော စကားလုံးပင်လျှင် Ben Schott ၏ On Line ပေါ်၌ တက်လာခဲ့ဖူးပါသည်။ စာရေးသူ ကျော်အုန်းမြင့်က ယင်းကို "ဖရဲသီးစစ်သားများ" တဲ့။

အခုတော့ ဘန်ကောက်မှာ သက်ဆင်လည်း မရှိ။ သူ့ညီမ ယင်လပ်လည်း မရှိတော့။ သို့သော် သွားလေရာအရပ်က လူတော်တော်များများကတော့ မချိမဆံ့ဖွံ့ထွားနေသည့် ဘန်ကောက်မြို့ကြီးကို ကြည့်ကာ သက်ဆင် ကျေးဇူးတွေကို ထုတ်ဖော်ပြောဆိုနေသူတွေက ပြောဆိုလို့ နေကြတုန်းပင် မဟုတ်ပါလား။

■

mgyoe.com

mgyoe.com SAMPLE BOOK

ဘန်ကောက်က သီချင်းဆိုပြိုင်သော ငှက်ကလေးများသို့

[တစ်]

ဟသ်ာတမြို့၌ ဘဝခရီးတစ်ထောက် ခိုနားခဲ့ရစဉ် ကာလများအတွင်း တစ်ခုသော ဆောင်းနှောင်း၏ နွေဦးသည့် ညနေခင်းတွင် စာပေမိတ်ဆွေတစ်ယောက် ကျွန်တော့်ထံ အမောတကော ရောက်လာပါသည်။ သူက သည်နေ့ ထူးခြားတယ်ဆိုလား။ ဒါကြောင့် ဘီယာဆိုင်ကလေး၊ ဘာလေး သွားထိုင်ရအောင်ဆိုလား။ ကျွန်တော်က သူပြောသည့် ထူးခြားသည်ဆိုသော အကြောင်းရင်းကို မေးရပါသည်။ ဘာဖြစ်လို့လဲဗျ စသည်။

သူကလည်း မဆိုင်းမငံ့ပင် ပြန်ဖြေပါသည်။ အခု မနက် ဝေလီဝေလင်းက ဟသ်ာတမြို့အတွက် ယခုနှစ်အဖို့ ပထမဦးဆုံးသော ဥသြငှက်တွန်သံကို စပြီး ကြားရသည်ဆိုလား၊ ကျွန်တော် သူ့ကို ကြည့်ပြီး သဘောကျသွားမိပါသည်။ ဘီယာဆိုင်သွားချင်၍ ရမယ်ရှာသည်ပဲ၊ ဘာပဲ စသည်ဖြင့်ပင် အပြစ်မတင်သာတော့ဘဲ သူ့အကြောင်းပြပုံကလေးကို ချစ်သွားမိပါသည်။ ဩော် ... ယခုနှစ်အတွက် ဟသ်ာတမြို့တွင် ဥသြငှက်တွန်သံကို ပထမဦးဆုံး စပြီးကြားရလို့တဲ့။

လူတွေ ငှက်သံကို ဘာကြောင့်များ ချစ်ကြတာပါလိမ့်။ ဟသ်ာတမြို့က မိတ်ဆွေမှ မဟုတ်။ တစ်နိုင်ငံလုံး၊ တစ်ကမ္ဘာလုံး ကျည်ကျည်ကျာကျာ တီတီတာတာနဲ့ ချစ်စရာကောင်းလိုက်တဲ့ ငှက်ကလေးတွေ။

*

mgyoe.com

mgyoe.com SAMPLE BOOK

[နှစ်]

ငှက်တွေအကြောင်းကို စဉ်းစားမိတော့ မလှမ်းမကမ်းက အာဖဂန်နစ္စတန်နိုင်ငံ (Afghanistan) အကြောင်း စိတ်ထဲကို နည်းနည်းရောက်လာပါသည်။

အာဖဂန်နစ္စတန်ကို ဗုံးမိုးရွာခဲ့တာ မှတ်မိကြဦးမည်ဟု ထင်ပါသည်။ ၂၀၀၁ ခုနှစ်၊ စက်တင်ဘာ ၁၁ ရက်က အမေရိကန်နိုင်ငံရှိ ကမ္ဘာ့ကုန်သွယ်ရေး မျှော်စင်ညီနောင်ကို လေယာဉ်ဖြင့် အသေခံကာ ဝင်ရောက်တိုက်ခိုက်ဖျက်ဆီး၍အပြီး အိုစမာဘင်လာဒင် (Osama bin Laden)၏ လက်ချက်အဖြစ် မှတ်ယူလက်ခံပြီးသည့်နောက် တာလီဘန် (Taliban)များ၊ အယ်လ်ကိုင်ဒါ(Alqaeda)များအပေါ် အငြိုးကြီး ငြိုးကာ အမေရိကန်နှင့် ဗြိတိသျှတို့ ပူးတွဲဦးဆောင်လျက် အာဖဂန်နစ္စတန်နိုင်ငံ၏ ပစ်မှတ်များအပေါ် ဗုံးမိုးတို့ ဖြိုင်ဖြိုင်ကြီး အတွဲလိုက်၊ အပွတ်လိုက် ရွာသွန်းခဲ့ကြပုံများကို မှတ်မိကြလိမ့်ဦးမည်ဟု ထင်ပါသည်။ မြေမှုန့်သိမ့်သိမ့် လိမ့်လိမ့်လူးလူးပါ။ အုန်းအုန်းကျွက်ကျွက် ပွက်ပွက်ညံညံပါ။

ထိုထိုးစစ်ကြီးအပြီးတွင် ကုလသမဂ္ဂက အာဖဂန်နစ္စတန်နှင့်ပတ်သက်၍ ကောက်ချက်ကလေးတစ်ခု ဆွဲထည့်လိုက်တာ ယခုအထိ ကျွန်တော်မမေ့နိုင်ပါ။ ပြင်းထန်သော ပေါက်ကွဲမှုကြီးများကြောင့် နောက်ထပ် သုံးနှစ်အတွင်းတွင် ငှက်ကလေးများ ပြန်လာကြတော့မည် မဟုတ်ပါဆိုသည့် သတင်း။ သတင်းစာကို ဖတ်လျက် ကျွန်တော် ငိုင်တွေသွားခဲ့ဖူးပါသည်။ အာဖဂန်နစ္စတန်နိုင်ငံတော်ရဲ့ ကိုယ်စားပါ။ ဗုံးသံ၊ အမြောက်သံတွေနဲ့ ခင်ဗျားတို့ရဲ့ နိုင်ငံကို ငှက်ကလေးတွေ ကြောက်သွားပြီဆိုပဲ့လား။ သူတို့ မနေချင်ကြတော့ ဘူးတဲ့။ မချစ်တော့ဘူးတဲ့။ ပြန်မလာတော့ဘူးတဲ့။ ကျေးငှက်သာရကာဆိုတာ ငြိမ်းချမ်းရေးနဲ့ တွဲလာတာ ထင်ပါရဲ့။

*

[သုံး]

ငှက်တွေက လူသားတို့၏ ဘဝနှင့် တော်တော်ကြီးကိုပဲ ဆက်စပ်ပါသည်။ ရွှေကျီးသာသော အခါ ဧည့်သည်လာလိမ့်နိုးနှင့် ကျွန်တော်တို့ မျှော်ကိုးမိကြစမြဲဖြစ်ပါသည်။ ညအခါ ဂစ်ခနဲ အော်မြည်လိုက်သည့် လင်ကောင်ပိုးငှက်ကိုတော့ အမင်္ဂလာနှင့် တွဲကာ ငှက်ဆိုးတဲ့။ လင်းယုန်ငှက်ကြီးက အမေရိကန်နိုင်ငံ၏ မာန။ အောက်ချင်းငှက်က ချင်းတိုင်းရင်းသားတို့၏ ဘဝ။ ဒေါင်းက မြန်မာအမျိုးသားတို့၏ အနာဂတ်အလှအပ။ ချိုးက ကမ္ဘာ့ငြိမ်းချမ်းရေး၏ သင်္ကေတ။

mgyoe.com

မြန်မာနိုင်ငံအတွက် ငှက်အကြောင်းကို ပထမဦးဆုံး ပြည့်ပြည့်စုံစုံ မှတ်တမ်းတင်ရေးသားသွားသူမှာ B.E smythes ဆိုသည့် အင်္ဂလိပ်ဖြစ်ပါသည်။ ကိုလိုနီခေတ် မြန်မာနိုင်ငံရောက် အင်္ဂလိပ်စစ်မှုထမ်းများကို ကင်မရာများ ပေးဝေကာ ရောက်ရာအရပ်က ငှက်များကို မှတ်တမ်းတင် ရိုက်ကူးခိုင်းပြီးနောက် Birds of Burma အမည်ဖြင့် ၁၉၅၃ ရောက်မှ စာအုပ်ထုတ်ဝေလိုက်ခြင်း ဖြစ်ပါသည်။မြန်မာ့ငှက် ၉၅၃ မျိုးကို မှတ်တမ်းတင်ထားသည့် စာအုပ်။

ငှက်အကြောင်းကို ကဗျာအများဆုံးဖွဲ့သည့် စာဆိုကြီးက ဆရာမင်းသုဝဏ်။ "လူကလေးတို့ရဲ့ မိတ်ဆွေ ငှက်ကလေးတွေ" တဲ့။ ငှက် ၇၉ ကောင်၊ ကဗျာ ၇၉ ပုဒ်။ ဆရာက ကောက်လျင်ငှက် (Brown shrike) အကြောင်း ကဗျာရေးသောအခါ အောက်ခြေ မှတ်စုက "သူ့အသံကို စက်တင်ဘာလ ၁၄ ရက်၌ ရန်ကုန်တက္ကသိုလ်နယ်တွင်းဝယ် စ၍ ကြားမိသည် (၁၉၅၆)" တဲ့။ ဩော် ... ဆရာရယ်။

တကူးကူးမြည်တဲ့ ချိုးငှက်ကလေး။ ဥသြလို့တွန်မြည်လိုက်တဲ့ ဥသြငှက်ကလေး။ နောက်တော့ ရွှေပြည်စိုး။ နောက်တော့ ရွှေဖိုးခေါင်။ နောက်တော့ တစ်တီတူး။ နောက်တော့ လာဘ်လာဘတွေကို သယ်ဆောင်လာတတ်သည်ဆိုသည့် ဗိုင်းကွက်ကြီး။ စကားတတ်သူ ကြက်တူရွေးနဲ့ သာလိကာ။ ပင်လယ်ပျော် စင်ရော်ငှက်ကလေး။

ငှက်များသည် Weather indicator ရာသီဥတု အညွှန်းများဖြစ်သည်ဟု ဆိုပါသည်။ နွေ မိုး ဆောင်း ရေကြီးခြင်း၊ လေတိုက်ခြင်း စသည်တို့ကို သူတို့က ညွှန်ပြနေကြပါလေသတဲ့။

*

[လေး]

ထိုင်းဘုရင့်နိုင်ငံတော်၌ ငှက်ကလေးတို့ သီချင်းဆိုပြိုင်သည့်ပွဲ ရှိပါသည်။ ဘန်ကောက်မှသည် ဒွန်မောင်း (Don Mueang) လေဆိပ်ဆီသို့အသွား အယုဒ္ဓယမြို့ဟောင်း မရောက်မီ Pathonthani နယ်မြေ၌ တစ်ပတ်တစ်ကြိမ်လုပ်သည်ဟု ဆိုရာ တစ်ရက်ရောက်သွားပါသည်။ ဘောလုံးကွင်းတစ်ဝက်လောက်ရှိမည့် သူတွေက ငှက်ထည့်ထားသည့် လှောင်အိမ်များကို ကိုယ်တိုင်ယူလာကြကာ ဘုရားပွဲဈေးတန်းသဖွယ် တန်းစီနေသည့် ဟာလာဟင်းလင်းဆိုင်ခန်းကလေးများ၏ တန်းတွင် ကိုယ့်လှောင်အိမ်ကို ကိုယ်ချိတ်ဆွဲထားရာ ပွဲဈေးတန်းလေးတန်းခန့် ရှိပြီး ငှက်လှောင်အိမ်ပေါင်း သုံးလေးရာလောက်တော့ ရှိမည်

mgyoe.com

mgyoe.com SAMPLE BOOK

ငှက် တေးဆိုပြိုင်ပွဲ

အဆိုတော် ငှက်ကလေး

mgyoe.com

mgyoe.com

ဟု ခန့်မှန်းရပါသည်။ ရပ်ကွက်ဈေးကလေးတစ်ခုပမာ လူတွေက အထွေးထွေး အရှုပ်ရှုပ်။ ဒိုင်ခုနစ်ယောက်က သံရှည်ဆွဲကာ တွန်ကျူးလိုက်သည့် ငှက်လှောင်အိမ်နားသို့ သွားကာ တစ်ယောက်စီ အမှတ်ပေးခြင်း ဖြစ်ပါသည်။ ဒိုင်ခုနစ်ယောက်ပေးသည့် အမှတ်ပေါင်းတွင် အများဆုံး ငှက်က ပထမ။ ဆုကြေးတွေလည်း ပါရဲ့။ လောင်းကြေးတွေလည်း ပါရဲ့။ ငှက်ဖြစ်သဖြင့် သူ တွန်ကျူးချင်သည့်အချိန် ထပြီး တွန်ကျူးခြင်းဖြစ်ရာ ဒိုင်က စိတ်ရှည်ရှည် စောင့်ရပါသည်။

ငှက်လှောင်အိမ်ကို ကတ္တီပါပိတ်၊ ပိုးသားပိတ်ပါးပါး ကလေးများဖြင့် တစ်ခါတစ်ခါ ဆွဲပိတ်လိုက်သောကြောင့် ဘာကြောင့်ဟု မေးကြည့်မိပါသည်။ လူ ရုတ်ရုတ်ရက်ရက်တွေကို မြင်ကာ သီချင်းမဆိုတော့မှာ ကြောက်လို့တဲ့။ သြော် … ငှက်ကလေးတွေက ဆောက်တည်ရာ မရဖြစ်နေတဲ့ ပတ်ဝန်းကျင်မှာ သီချင်းမဆိုချင်ဘူး ထင်ပါရဲ့။

*

[ငါး]

ရန်ကုန်မြို့ ဆင်ခြေဖုံးက ကျွန်တော့် အိမ်ပေါက်စကလေးရှေ့တွင် ခရေပင်ကလေး နှစ်ပင်ရှိပါသည်။ မနက်မနက်ဆို ဘာငှက်ကလေးမှန်းမသိ သီချင်းလာလာပြီး ဆိုနေလိုက်တာ။ နောက်တစ်နေ့လုံး ပျောက်သွားပြန်ပါရော။ မြို့ဆိုတော့ သည်ခရေပင်ကလေး နှစ်ပင်တစ်နေ့နေ့ မရှိတော့ရင် အဆိုတော် ငှက်ကလေး မလာတော့မှာကို ကျွန်တော် စိုးပါသည်။

သြော် … ကျွန်တော့် အိမ်ရှေ့မှာမှ မဟုတ်ပါ။ တစ်နိုင်ငံလုံး သစ်ပင်တွေ ဖုံးလွှမ်းပြီး ငှက်ကလေးတို့ရဲ့ တေးသံတွေနဲ့ ပြည်မြန်မာကို ကျည်ကျည်ကျာကျာ တီတီတာတာ ရှိစေချင်လှပါပေါ့။

■

mgyoe.com

mgyoe.com SAMPLE BOOK

တိုကျိုမြို့၌ ခွေးကျောင်းထွက်ခြင်း

[တစ်]

မည်သည့်နေရာကိုပဲ ကြည့်လိုက်၊ ကြည့်လိုက် ဂျပန်တစ်နိုင်ငံလုံး ရေခဲတွေ ဖုံးလွှမ်း၍ နေသည့် ရက်တွေထဲက တစ်ရက်မနက်တော်တော် စောစောကြီးမှာ အိပ်ရာက နိုးလာသဖြင့် ပြတင်းပေါက်မှန်တံခါးများရှိရာဘက်ဆီသို့ လျှောက်သွားဖြစ်ခဲ့ပါသည်။

အပြင်၌ နှစ်ဆယ့်လေးနာရီပတ်လုံး ခြေအိတ်၊ လက်အိတ်နှင့် အနွေးထည်ထူထူကြီးများ၊ ခေါင်းစွပ်များကို မချွတ်စတမ်းဝတ်ထားရလောက်အောင် အအေးဓာတ်က ပြင်းထန်လှသည့်တိုင် ဟိုတယ်ထဲမှာကတော့ နွေးပါသည်။ အပူငွေ့ပေးထားကြသည်ကိုး။

တော်တော်စောသေးသည့် မနက်ခင်းဖြစ်သဖြင့် လမ်းတွေပေါ်မှာ ကားအသွားအလာ ရှင်းလင်းလွန်းပါသည်။ မေ့လောက်မှ တစ်စီး။ မေ့လောက်မှ နှစ်စီး။ ရောင်စုံကျောက်တုံးမျိုးစုံကို အကွက်ဖော်ကာ ခင်းထားသည့် လူသွားစင်္ကြံကလေးများပေါ်၌ လမ်းသွားလမ်းလာဟူ၍ မရှိလောက်အောင် ရှင်းလင်းလွန်းလှသည့် တိုကျိုမြို့တော်၏ ခပ်စောစော ရှုခင်းကို မိုးပျံဟိုတယ်တစ်ခု၏ အခန်းတစ်ခန်းတွင်းကနေ အပေါ်စီးမှ ကြည့်နေရသည်မှာ စိတ်ကို တော်တော်ကလေး ကြည်လင်လန်းဆန်းစေပါသည်။

သို့ဖြင့် တောင်ငေး၊ မြောက်ငေး၊ တောင်တွေး၊ မြောက်တွေးရှိနေစဉ် မြင်ကွင်းထဲသို့ လူတစ်ယောက်ဝင်လာပါသည်။ သူတစ်ယောက်တည်းမဟုတ်။ ခွေးတစ်ကောင်နှင့် အတူ။

အတန်အသင့် အရပ်ရှည်သူ ထိုဂျပန်အမျိုးသားက သူ့ရှေ့၌ ခပ်ပြေးပြေးကလေး

mgyoe.com

mgyoe.com SAMPLE BOOK

သွားနေသည့် ခွေးကလေးကို ကြိုးဖြင့် ဆွဲကာ နောက်နားဆီမှ ခပ်သွက်သွက်လိုက်နေခြင်း ဖြစ်ပါသည်။ ခွေးကျောင်းထွက်လာသည်ပဲထင်ပါရဲ့။ ထိုစဉ်က ဟိုတယ်ပေါ်မှ ဆီးပြီး ကြည့်ခွင့်ရနေသည့် မြင်ကွင်းကျယ်ကြီး တစ်ခုလုံးတွင် လှုပ်နေသည့် အရာဟူ၍ ထိုခွေး တစ်ကောင်နှင့် လူတစ်ယောက်သာပဲ ရှိပါသည်။

ထိုစဉ် မြင်ကွင်းက ခဏကလေးတန့်သွားပါသည်။ ဩော် ... ခွေးကလေး လူသွားစင်္ကြံတစ်နေရာမှာ မစင်စွန့်နေခဲ့တာကိုး။ ခွေးရှင်က ကြိုးကို ကိုင်ထားရင်းကပဲ စိတ်ရှည်လက်ရှည်ဖြင့် စောင့်ပေးနေခဲ့ပါသည်။ သို့ဖြင့် တိုကျိုမြို့တစ်နေရာမှာ ခွေးမစင်စွန့် ခြင်း ကိစ္စပြီးဆုံးပါသည်။

သို့သော် ...။ ဟုတ်ပါသည်။ သို့သော်ပါ။ ထိုသို့သော်ကသည်စာကို ရေးဖြစ်စေ သော သို့သော်ပါ။

ခွေးနှင့် လူက ချက်ချင်းထွက်မသွားသေးဘဲ ဘောင်းဘီကို အနေအထားပြင်ကာ စင်္ကြံပေါ်၌ ခပ်စောင်းစောင်းကလေး ဆောင့်ကြောင့်ထိုင်ပါသည်။ လက်တစ်ဖက်မှာက ခွေးကြိုးနှင့်အတူ ရောကိုင်ထားသည့် အိတ်တစ်အိတ်။ အခြားတစ်ဖက်မှာက တစ်ရှူး (tissue) စက္ကူလား ဘာလေလားမသိ။

သူက စင်္ကြံပေါ်တွင် ရှိနေသည့် ခွေးမစင်အချို့ကို တစ်ရှူးစက္ကူဖြင့် အသာအယာ ယူကာ လက်တစ်ဖက်ရှိ အိတ်ထဲသို့ထည့်ပါသည်။ စိတ်ရှည်လက်ရှည်ဆိုမှ တကယ့်ကို



mgyoe.com

mgyoe.com SAMPLE BOOK

စိ... ...ှ်လက်ရှည်ကောက်ထည့်နေခြင်းဖြစ်ပါသည်။ ထို့နောက် စက္ကူကျောက်တုံး ပြ... ...ပေး များပေါ်တွင် ပေကျံနေပုံရသည့် အညစ်အကြေးအချို့ကို တစ်ရှူးစက္ကူကလေး များဖြင့် စိတ်ကျေနပ်လောက်သည်အထိ သုတ်ကာ အိတ်ထဲသို့ ထည့်ပါသည်။ ထို့နောက် တွင်မှ အားဘိဝဲယာကို တစ်ချက်ဝိုက်ကြည့်ပြီး ခွေးချည်ကြိုးကလေးကို လှုပ်ယမ်းကာ သွားကြစို့ဟု နှိုးဆော်လိုက်ပုံဖြင့် ထွက်ခွာသွားခဲ့ကြခြင်း ဖြစ်ပါသည်။

ခေါင်းထဲသို့ ရောက်လာသည့် စကားလုံးမှာ Responsibility ဟူသည့် စကားလုံးပဲ ဖြစ်ပါသည်။ တာဝန်ယူမှု၊ တာဝန်သိမှု၊ တာဝန်ခံမှု၊ ရက်စပွန်ဇဘလတီ။

ဒါငါ့ခွေး။ သည်မစင်ကို စွန့်တာ ငါ့ခွေးက စွန့်တာ။ သည်အညစ်အကြေးက ငါ့ခွေးရဲ့ အညစ်အကြေး။ ဒါ့ကြောင့်ဒါကို သန့်ရှင်းရမယ့် တာဝန်က ငါ့တာဝန်။ စိတ်ထဲ အံ့သြလေးစားမှုများနှင့်အတူ တိုကျိုရောက် မြန်မာများကို သည်အကြောင်း ဖောက်သည် ချမိပါသည်။ သူတို့ ပြန်ပြောပုံက တိုကျိုမှာ ခွေးပါတဲ့လူတွေကို ကြည့်လိုက်တဲ့။

*

[နှစ်]

တိုကျိုမှာ ခွေးပါတဲ့ လူတွေကို ကြည့်လိုက်တော့ ဘာဖြစ်သလဲ။

အံ့သြစရာကောင်းသည့် လူ့ အဖွဲ့အစည်းတစ်ရပ်ပဲ ဖြစ်ပါသည်။

ယောကျာ်း၊ မိန်းမ၊ လူကြီး၊ လူငယ်၊ ဘိုးအို၊ ဘွားအိုကြီးတွေကအစ ခွေးကလေး တွေကို ကြိုးဖြင့်ဆွဲလျက် လမ်းလျှောက်ထွက်လာကြသူများကို တွေ့တိုင်း သတိထားကြည့် မိသွားပါသည်။ လက်ထဲမှာ အိတ်ကလေးတွေနှင့် ဖြစ်ပါသည်။ လက်အိတ်ကလေးတွေနှင့် ဖြစ်ပါသည်။ တစ်ရှူး (Tissue) ပေပါကလေးတွေနှင့် ဖြစ်ပါသည်။ ကိုယ့်ခွေး မစင်ကို ကိုယ်ကျုံးဖို့။

နိုင်ငံသားတစ်ယောက်ချင်း တစ်ယောက်ချင်းကအစ ကိုယ့်ကိစ္စကိုယ်တာဝန်ယူ၊ ကိုယ့်ပြဿနာ ကိုယ်ရှင်းဆိုသည့် လိပ်ပြာမျိုး ထာဝရနိုးနေအောင် ပျိုးထောင်နိုင်ပုံရပါ သည်။ မည်သည့်ရဲမှ စောင့်စရာမလို။ မည်သည့် အမိန့်မှ ထုတ်ပြန်စရာမလို။

*

[သုံး]

ယခု ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁၆ ရက်က တောင်ကိုရီးယားနိုင်ငံ၌ အဖြစ်ဆိုးကြီးတစ်ခု ဖြစ် ပျက်ခဲ့သည်ကို အများအသိပင် ဖြစ်ပါသည်။ ကူးတို့ သင်္ဘောနစ်မြုပ်မှု၊ သင်္ဘောအမည်က

mgyoe.com

Sewol တဲ့။ ခရီးသည် ၄၇၆ ဦးလိုက်ပါစီးနင်းသွားသည့် ကူးတို့သင်္ဘော။ ကျောင်းသား၊ ကျောင်းသူအများစု ရာနှင့်ချီကာ အသက်ဆုံးရှုံးခဲ့ရသည့် မတော်တဆမှု။

ပထမဦးဆုံးအဖြစ် ဧပြီလ ၁၈ ရက်တွင် အထက်တန်း ဒုတိယကျောင်းအုပ်က မိသားစုဝင်များနေထိုင်ကြရာ ဂျင်ဒိုကျွန်း အားကစားခန်းမအနီး၌ ဆွဲကြိုးချကာ မိမိကိုယ် မိမိအဆုံးစီရင်သွားခဲ့ပါသည်။ ကျောင်းသူ၊ ကျောင်းသား အများစု အသက်ဆုံးရှုံးရသည်မှာ သူ့တာဝန်မကင်းကြောင်း ခံစားရလို့ပါဟူ၏။

ဒုတိယက တောင်ကိုရီးယား ဝန်ကြီးချုပ်။ ချွန်ဟောင်ဝမ်။ သူ့တွင် တာဝန်ရှိပါသည်ဟုဆိုကာ ဝန်ကြီးချုပ်အဖြစ်မှ နုတ်ထွက်လွှာကို သမ္မတထံ တင်သွင်းခဲ့ခြင်း ဖြစ်ပါသည်။

ဒါ ငါ့ကြောင့်၊ ဒါငါ့တာဝန်၊ ဒါငါညံ့ဖျင်းမှု၊ ဒါငါမစီမံတတ်လို့၊ ဒါငါ မခန့်ခွဲတတ်လို့စသည် စသည်ဖြင့် ကိုယ့်တာဝန် ကိုယ်ယူကာ တတ်နိုင်သည့် နေရာက ဖြေရှင်းခြင်းသည် တာဝန်ယူနိုင်မှု Responsibility ပင်ဖြစ်ပါသည်။ ရထားချင်းတိုက်သည်ကို မီးရထားဝန်ကြီးက နုတ်ထွက်၊ တိုင်းပြည်စီးပွားရေး ကျဆင်းသည်ကို ဝန်ကြီးချုပ် နုတ်ထွက်စသည်ဖြင့် ရက်တတ်ကြသော ကမ္ဘာကြီးဝယ် တစ်မျိုးသားလုံး ဘက်ပေါင်းစုံက ပြုတ်ပြုတ်ပြုန်းသည့်တိုင် ကိုယ်နှင့် မဆိုင်သလို သမိုင်းကို မျက်နှာပြောင်တိုက်သူများလည်း ရှိနိုင်ပါသည်။

*

[လေး]

ယဉ်ကျေးသူတို့ ကမ္ဘာကြီးမှာက နိုင်ငံသားတစ်ဦးချင်းကလည်း ကိုယ့်တာဝန်ကိုယ်သိ၊ အုပ်စိုးသူကလည်း ကိုယ့်တာဝန်ကိုယ်သိ။

ကြံဖူးတာကလေး ဖောက်သည်ချချင်ပါသည်။ ကလေးက အမေကို လှမ်းအော်ပုံ အမေရေ အမှိုက်တွေ ဘယ်လိုလုပ်ရမလဲတဲ့။ အမေ ပြန်ဖြေပုံ ဟိုဘက်ခြံထဲလှမ်းသွန်ချလိုက်တဲ့။ သြော် ...။

ထိုသူများကို ခွေးတစ်ကောင်စီနှင့် တိုကျိုမြို့ထဲ လွှတ်ပေးထားချင်လိုက်တာ။ ငါ့ကျိုတစ်မြို့လုံး ခွေးချေးစော်ကို မွှန်နေမှာပဲ။

■

mgyoe.com

mgyoe.com SAMPLE BOOK

တိုကျိုမှာ ဘာပဲကျပျောက်ကျပျောက် ဘာပဲမေ့ကျန်မေ့ကျန်

[တစ်]

လူမှန်လျှင် ကမ္ဘာမည်သည့်ဘက်ခြမ်းမှာပဲနေနေ၊ မည်သို့သော အရောင်အသွေးပဲရှိရှိ၊ မည်သည့် အယူဝါဒကိုပဲ ကိုးကွယ်ကိုးကွယ်၊ ဉာဏ်ပညာအနိမ့်အမြင့် မည်မျှကွာခြားကွာခြား မည်သူမဆို ကိုယ်နှင့်အတူတကွ ယူဆောင်သွားလေ့ရှိရာ လူ့အသုံးအဆောင်ပစ္စည်းကလေးတို့ တစ်နေ့ရာမဟုတ်တစ်နေ့ရာ၊ တစ်ခါမဟုတ်တစ်ခါ ကျပျောက်တတ်မြဲ၊ မေ့ကျန်တတ်မြဲ ဖြစ်သည့် သတ္တဝါတွေချည်းသာပဲ ဖြစ်ပါသည်။

မျက်မှန်ကလေးတစ်လက်လည်း ဖြစ်ကောင်းဖြစ်နိုင်မည်ပေ့၊။ လက်ကိုင်ဖုန်းကလေးလည်း ဖြစ်ချင်ဖြစ်မည်ပေ့၊။ ဒါမှမဟုတ် ခေါက်ထီးကလေးတစ်လက်၊ လက်ကိုင်အိတ်ကလေးတစ်အိတ်၊ ကွန်ပျူတာ ပေါက်စကလေးတစ်လုံး၊ နိုင်ငံကူးလက်မှတ်ကလေးတစ်စောင်၊ ဘဏ်စာအုပ်ကလေး တစ်အုပ် စသည်စသည်။

လူမှန်လျှင် မေ့လျော့တတ်ကြစမြဲ၊ ပျာယီးပျာယာရှိတတ်ကြစမြဲမို့ ထိုထိုသော လူ့အသုံးအဆောင်ပစ္စည်းကလေးတို့ တက္ကစီပေါ်မှာ၊ ရထားပေါ်မှာ၊ ဈေးမဈေးဆိုင်ကြီးတွေထဲမှာ၊ စားသောက်ဆိုင်စားပွဲပေါ်မှာ၊ လမ်းဘေးလူသွား စင်္ကြံပေါ်မှာ ကျပျောက်တတ်ကြ၊ မေ့ကျန်တတ်ကြမြဲ ဖြစ်သည်မှာ သိပ်ပြီးထူးထူးဆန်းဆန်းကြီးတော့ဖြင့် မဟုတ်လေပါ။

သို့သော် ထိုကျပျောက်ပစ္စည်း၊ ထိုမေ့ကျန်ပစ္စည်းတို့ကို ပြန်ရ၊ မရဆိုသည်ကဖြင့် ထူးဆန်းသောကိစ္စ ဖြစ်ပါသည်။ ဂျပန်နိုင်ငံ၏ ဇာတ်လိုက်တိုကျိုမြို့တော်ကြီး တစ်နေ့ရာရာ

mgyoe.com

mgyoe.com SAMPLE BOOK

၌ ကြိုက်သည့်ပစ္စည်းကျပျောက်၊ သင့်လက်ဝယ်သို့ ကျိန်းသေပြန်ရောက်ကို ရောက်ရစေမည်ဟုဆိုလာလေသောအခါတွင်ကား တော်တော့ကို ထူးဆန်း၍ သွားပြီဖြစ်ပါသည်။

*

[နှစ်]

မြန်မာတို့ ကိုယ်ကျင့်တရားကြံ့လိုဆွဲ့ရှားပုံနှင့် ပတ်သက်၍ ဟာသလုပ်ကာ ပုံဆောင်ပြောကြလေ့ရှိသော စကားတွေက အများအပြားကြီးဆိုမှ တကယ့်ကို အများအပြားကြီး ဖြစ်ပါသည်။

စကားတစ်ခုက ဂျပန်ရထားတွေပေါ်၌ အခြေခံပါသည်။ ဂျပန်ရထားများပေါ်၌ မည်သည့် ပစ္စည်းပဲ မေ့ကျန်ကျန် ပြန်မရတာမရှိတဲ့။ မျက်မှန် (သို့မဟုတ်) ပိုက်ဆံအိတ် (သို့မဟုတ်) ခေါက်ထီး (သို့မဟုတ်) ကွန်ပျူတာ တစ်ခုခုကျန်ခဲ့သည်ဆိုပါစို့။ ကိုယ်စီးခဲ့သည့် ရထား၊ တွဲနံပါတ်၊ ထိုင်ခုံနေရာ စသည်တို့ကိုသာ မှတ်ထားလိုက်။ နောက်လေးငါးရက်အတွင်း ထိုရထား၊ ထိုတွဲ၊ ထိုထိုင်ခုံရှိရာဆီသို့ သွားကြည့်။ မိမိမေ့ကျန်ခဲ့သော ပစ္စည်းက မူလကျန်ခဲ့ရာနေရာ၌ သည်အတိုင်းတဲ့။ မီးရထားတွဲစောင့်တာဝန်ရှိသူကပင်လျှင် တစ်နေ့ပြန်လာယူနိုးနိုးနှင့် စောင့်မျှော်နေလေ့ရှိပြီး လာမယူလောက်တော့ဘူးဟု ယူဆရသည့် လေးငါးခြောက်ရက်တန်သည်မျိုးကျော်လွန်သွားတော့မှာ ထိုင်ခုံနေရာ ရှင်းလင်းသွားရန် အလို့ငှာ သိမ်းဆည်းလိုက်ကြမြဲတဲ့။

ယင်းဟာသကို နားထောင်နေရသူက ပြောသူကို စကားတစ်ခွန်းပြန်မေးပါသည်။ "အခုကော" တဲ့။ ပြောသူ ခဏတွေသွားကာ "အဲ ... အခုတော့ ပစ္စည်းကျန်ခဲ့ရင် ပြန်မရချင်တော့ဘူး" ဟု ပြန်ဖြေပါသည်။ ထိုအခါ "ဘာကြောင့်လဲ" ဟု တစ်ယောက်က ထပ်မေးပါသည်။ ဆက်ဖြေပုံက "ဗမာတွေရောက်လာလို့ထင်တယ်ဗျ" တဲ့။ ရယ်ရယ်မောမောနှင့် ကြေကွဲရသည့် ဟာသဖြစ်ပါသည်။

လက်ကိုင်ဖုန်းများ ဈေးကောင်းစဉ်ကာလတစ်လျှောက်လုံး၌ ကျပျောက်၍သော်လည်းကောင်း၊ မေ့ကျန်၍သော်လည်းကောင်း မိမိဖုန်းကို တစ်နေရာရာတွင် တစ်ယောက်ယောက်က ရရှိသွားခဲ့သည် ဆိုပါစို့။ ပိုက်ဆံမပေးဘဲနှင့် ပြန်ရဖို့ဆိုသည်မှာ တော်တော့ကို ခက်ခဲသည့် ဒုလ္လဘတရားဖြစ်ကြောင်း ကြုံဖူးသူတိုင်းသိပါသည်။

လက်ကိုင်ဖုန်း၏ ကာလပေါက်ဈေးကိုလိုက်ကာ တစ်သိန်း၊ ငါးဂသောင်း၊ နှစ်သောင်း စသည်စသည်ဖြင့်မပေးဘဲ မည်သို့သောအခါတွင်မှ ပြန်ရလေ့မရှိသည်မှာ

mgyoe.com

ကျွန်တော်တို့ နိုင်ငံပဲ ဖြစ်ပါသည်။ တချို့များဆိုလျှင် ဖုန်းကိုပိတ်ပစ်လိုက်ကာ Sim Card ကို လွှင့်ပစ်လိုက်ပြီး Hand Set အခွံကို ပြန်ရောင်းစားသည်အထိပင် ကိုယ်ကျင့်တရားနှင့် ပိုက်ဆံကို လဲဖို့အဆင်သင့် ဖြစ်နေတတ်ကြပါသည်။

မှတ်ပုံတင်ပျောက်သွားပါ၍၊ နိုင်ငံကူးလက်မှတ် ပျောက်သွားပါ၍၊ မော်တော်ကားလိုင်စင်ပျောက်သွားပါ၍၊ သန်ခေါင်စာရင်းပျောက်သွားပါ၍ တွေ့ရှိလျှင်ပြန်ပေးပါ ကျေးဇူးဆပ်ပါမည် စသည့် ကြော်ငြာမျိုးတွေကို ကြည့်ရုံနှင့် ဤနိုင်ငံတွင် နိုင်ငံသားတို့၏ စိတ်ဓာတ်တည်ဆောက်မှုရေချိန် မည်မျှအထိ နိမ့်နေ၊ မြင့်နေသလဲဆိုသည်ကို ခန့်မှန်း၍ ရနိုင်ပါသည်။ ကိုယ့်အတွက် ဘာတစ်ခုမှ အသုံးမဝင်သော၊ ကျကျန်မေ့ကျန်သူ၌ ပြဿနာပေါင်းသောင်းခြောက်ထောင်ဖြစ်ပေါ်နိုင်သော အရာဝတ္ထုတစ်ခုကိုပင် ပိုက်ဆံပေးမှ အကူအညီပေးမည်ဟုဆိုကာ နေစိမ့်လွန်းနိုင်သည့် တိုင်းသူ ပြည်သားတို့၏ စိတ်ကို အံ့သြ၍ မဆုံးနိုင်ပါ။

*

mgyoe.com

mgyoe.com
SAMPLE BOOK

[သုံး]

တိုကျိုသူ၊ တိုကျိုသားအားလုံးက ကိုယ့်ချွေး၊ ကိုယ့်အတွေးနှင့်ရင်းကာ ရှာဖွေထားခြင်း မဟုတ်သည့် ဥစ္စာပစ္စည်းများအပေါ်၌ တပ်မက်စိတ်မရှိကြပါ။ ထို့ကြောင့် ကိုယ့်ပစ္စည်း မဟုတ်လျှင်မယူ၊ ယူလိုက်ပြီဆိုလျှင်လည်း ထိုပစ္စည်း၏ တန်ဖိုးကို ချင့်တွက်မနေဘဲ၊ ပိုက်ဆံအိတ်ဆိုခဲ့လျှင်ပင် အထဲ၌ ဘာတွေပါ၊ မည်မျှပါဆိုသည်ကို စူးစူးစမ်းစမ်းနှင့် ဖွင့်ကြည့်နေလေ့မရှိဘဲ နီးစပ်ရာ ရဲစခန်းတစ်ခုခု (သို့မဟုတ်) ရဲသားတစ်ယောက်ယောက်၊ ဆိုင်တစ်ဆိုင်ဆိုင်တွင် ဝင်အပ်ကာ လိုရာခရီးကို ဆက်လေ့ရှိကြသူများ ဖြစ်ပါသည်။ ပျောက်သူကျန်သူက ထိုနေရာတစ်ဝိုက်သို့ ပြန်ရောက်လာကာ မေးမြန်းစုံစမ်းလိုက်ရုံနှင့် ပစ္စည်းကိုတိုက်ဆိုင်စစ်ဆေးကာ ပြန်လည်၍ ရရှိသွားကြစမြဲ ဖြစ်ပါသည်။

ကျွန်တော်တို့ နိုင်ငံရှိ သတင်းစာတွေထဲမှာ တစ်နှစ်လျှင် နှစ်ခါသုံးခါလောက် သတင်းထူးပါတတ်ပါသည်။ ပိုက်ဆံအိတ်ကောက်ရသူက ပိုင်ရှင်ကို ပြန်ပေးသည့် သတင်း၊ ဟိုတယ်ဝန်ထမ်းက အခန်းတွင်း၌ မေ့ကျန်ခဲ့သည့် ပစ္စည်းကို ပိုင်ရှင်ရှိရာ ဆက်သွယ်၍ ပြန်ပေးသည့်သတင်း။ တက္ကစီသမားက ကားပေါ်၌ ကျန်ခဲ့သည့်ပစ္စည်းကို ပိုင်ရှင်ထံ ပြန်ပေးသည့်သတင်း။ သတင်းထူးတဲ့။ ကျွန်တော်တို့နိုင်ငံတွင် ဖြစ်တောင့်ဖြစ်ခဲဆိုသည့် သဘောပဲပေါ့။

တိုကျိုမှာ (သို့မဟုတ်) ဂျပန်မှာ ဒါက သတင်းထူးမဟုတ်။ ဂျပန်လူမျိုးတိုင်း နေ့တိုင်းနေ့စဉ် ကျင့်ကြံဆောင်ရွက်တတ်မြဲ ဖြစ်သည့် နိစ္စဓူဝသဘောတရား။

နိုင်ငံတစ်ခုကို တည်ဆောက်ကြသောအခါ တိုက်တာ၊ အိုးအိမ်၊ လမ်း၊ တံတားနှင့် အပုံစားထုတ်ကုန်ပစ္စည်းများသာမကဘဲ နိုင်ငံသားတစ်ယောက်ချင်း၏ စိတ်ကိုပါ အပုံစား တည်ဆောက်ပေးလိုက်သည့် ဉာဏ်ပညာကြီးသည့် အစိုးရအဖွဲ့၏ ဇာတ်ညွှန်းများပင် ဖြစ်ပါလိမ့်မည်။

ပစ္စည်းမေ့ကျန်မှာ ကြောက်နေပါသလား။ ကျပျောက်မှာကို စိုးရိမ်နေပါသလား။ မပူနဲ့။ တိုကျိုမှာ ကိုယ့်ပစ္စည်းမဟုတ်လျှင် မည်သူတစ်ဦးတစ်ယောက်ကမှ မယူကြပါလေ ဘူးတဲ့။

■

mgyoe.com

mgyoe.com SAMPLE BOOK

ချယ်ရီပင်အောက်သို့ ဇရာ ရောက်ရှိ၍လာခြင်း

[တစ်]

ယခုလောလောလတ်လတ် ဂျပန်နိုင်ငံကို ဦးဆောင်၍နေသော ဝန်ကြီးချုပ် ရှင်ဇိုအာဘေး ဇရာအိုများနှင့် ပတ်သက်ကာ တစ်ခါက ညည်းတွားပုံကြီးမှာ ကြက်သီးထဖို့ပင် ကောင်းလှပါသည်။ သူက လူဆိုသည်မှာ သေသင့်သေထိုက်သည့် အချိန်သို့ ရောက်လျှင် သေပစ်လိုက်ဖို့သင့်သည်ဟူ၍ ပြောဆိုသွားခဲ့ဖူးသည် မဟုတ်ပါလား။

လူတွေ၊ အထူးသဖြင့် ဇရာအိုကြီးတွေ မည်သည့်အချိန်၌ သေသင့်ကြပါသလဲ။ အငြိမ်းစားယူပြီးလျှင် ယူပြီးချင်းလား။ ဒါမှမဟုတ် အငြိမ်းစားယူပြီးနောက် တစ်နှစ် (သို့ ဟုတ်) နှစ်နှစ် (သို့မဟုတ်) သုံးနှစ်။ ခြောက်ဆယ် ခြောက်ဆယ့်ငါးလောက်ဆိုရင်ရော နည်းနည်းများ စောနေလေမလား။ ခုနှစ်ဆယ်၊ ခုနှစ်ဆယ်ငါးလောက်ဆိုရင်ရော တော်ပြီလား။ အဲသည်လိုသေသင့်သေထိုက်သည့် အရွယ်ဟုဆိုကာ သဘောတူမှု ပြီးသည့်နောက်မှာ ထိုဇရာအိုကြီးတွေ ကိစ္စပြတ်သွားဖို့အတွက်က ဘယ်လိုများ ဆောင်ရွက်ရမှာပါလိမ့်။ ဆေးထိုးပြီး ရှင်းပစ်ရမှာလား။ အဆိပ်ငွေ့လွှတ်ပြီး ကိစ္စဖြတ်ပစ်ရမှာလား။ ဇရာအိုတွေကို စုပုံထပ်ကာ မီးတိုက်ပြီး ဓာတ်သိမ်းပစ်ကြရလေမလား။ ဩော် ... ဇရာအို တစ်ယောက်၏ သေသင့်သေထိုက်သော အချိန်ဆိုသည်နှင့်မည်ကဲ့သို့ သေစေသင့်သလဲဆိုသည့် အတွေးမျိုး ခေါင်းထဲသို့ရောက်လာသည်ကပင်လျှင် သွေးပျက်ဖို့ ကောင်းလွန်းလှပါသည်။

အဘက်ဘက်က ပြည့်စုံကာ ဓနဥစ္စာချမ်းသာကြွယ်ဝလှသူ ဂျပန်နိုင်ငံအဖို့ သက်ကြီးရွယ်အို ကိစ္စက ပြဿနာကြီးတစ်ရပ်ပင် ဖြစ်ပါသည်။ ရှင်ဇိုအာဘေးက ဒါကိုပိုင်ဆိုင်ခဲ့ခြင်း ဖြစ်ပါသည်။

mgyoe.com

ချယ်ရီပင်များအောက်သို့ ဇရာရောက်ရှိ၍လာပုံက အတွက်ရခက်သည့် သချာပုစ္ဆာ တစ်ပုဒ်လေလား။

*

[နှစ်]

အာယု၊ ဝဏ္ဏ၊ သုခ၊ ဗလဆိုသော ပါဠိစကားလုံးကလေးတွေက မြန်မာတို့နှင့် တော်တော် ကိုပဲ ရင်းနှီးပါသည်။ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်း စသည် စသည်ဖြင့် အစဉ်လိုက်မှတ်၍ ရပါသည်။ သည်အထဲမှာ အာယုဆိုသည့် အသက် ရှင်ခြင်းကလည်း ပါဝင်၍ နေပါသည်။ မြန်မာတို့က အသက်ရှည်ခြင်းကို လိုလားအပ် သော အရာအဖြစ် ကုသိုလ်ကောင်းလို့ပဲ ဟူ၍ပင် သဘောထား အယူအကောက်ရှိသူများ ဖြစ်ကြပါသည်။

သို့သော် သည်နေ့ခေတ်ပြိုင် ကမ္ဘာမှာက ထိုသို့မဟုတ်။ အသက်ရှည်ခြင်းသည် လူမှုရေးပြဿနာ။ ဇရာအိုများသည် သည်လောကအမှိုက်။

၂၀၀၄ ခုနှစ်ဆီက UNDP က ကောက်ယူခဲ့သော စာရင်းဇယားတွေအရ အသက်ရှင်ခြင်းများကို မှတ်စုတစ်နေရာ၌ ဤသို့ ကူးယူထားခဲ့ဖူးပါသည်။

ဂျပန်	၈၁.၃ နှစ်
ဆွီဒင်	၇၉.၉ နှစ်
ကနေဒါ	၇၉.၂ နှစ်
စပိန်	၇၉.၁ နှစ်
ဆွစ်ဇာလန်	၇၉ နှစ်
သြစတြေးလျ	၇၉ နှစ်
အစ္စရေး	၇၈.၉ နှစ်
နော်ဝေး	၇၈.၇ နှစ်
ပြင်သစ်	၇၈.၇ နှစ်
အီတလီ	၇၈.၆ နှစ်
ယူကေ	၇၇.၉ နှစ်
USA	၇၆.၉ နှစ်

ချယ်ရီပန်းတို့ ပွင့်ဝေကြရာ ဂျပန်နိုင်ငံက အသက်အရှည်ဆုံး ဖြစ်နေသည်ကို

mgyee.com

mgyoe.com SAMPLE BOOK

၂၀၁၄ ခုနှစ် တိုကျိုမှာ ပထမဦးဆုံးပွင့်တဲ့ချယ်ရီပင်

စာရင်းဇယား၏ ထိပ်ဖျား၌ တွေ့နိုင်ပါသည်။

ကမ္ဘာသူ၊ ကမ္ဘာသားတို့ အသက်ရှည်ကြရာတွင် Ph.D တွေက M.A, M.SC များထက်၊ M.A, M.SC တွေက B.A, B.SC များထက်ပို၍ ရှည်တတ်မြဲဖြစ် လေရာ ဉာဏ်ပညာက အသက်မွေးမှုကို အထောက်အကူ ပြုကြောင်း အယူအကောက်တွေလည်း ရှိပါသည်။

ကွမ်းမစား၊ ဆေးလိပ်မဖွာ၊ အရက်မသောက်၊ ရမ္မက်နည်းပါး၊ ကိုယ်လက် လှုပ်ရှားသွားလာ၊ အဲဟာရမိဝ်ပုံ စနစ်ကျနစသည်စသည်များဖြင့် ပါးရည်နပ်ရည်ရှိ သူ ကမ္ဘာသူ၊ ကမ္ဘာသားတို့ အသက်ရှည်လာကြလေရာ ယင်းတို့ကို Senior citizen စီနီယာစီတဇင်ဟု ခေါ်ဆိုကြခြင်းဖြစ်ပါသည်။ ရှင်းရှင်းပြောရလျှင် လူအိုပါပဲ။ ဇရာပါပဲ။

ယခုခေါင်းခြောက်သည်ဆိုသည်က ထို စီနီယာစီတဇင်များ၏ ကိစ္စ။ သက်တော်ရှည်များ၏ ရပ်တည်မှု ပြဿနာ။ အထူးသဖြင့် ဂျပန်နိုင်ငံမှာ။

*

mgyoe.com

[သုံး]

တရုတ်ပြည်၌ ၂၀၀၅ ခုနှစ်တုံးဆီက အသက် ၆၀ လူဦးရေမှာ ၁၀ ဒသမ ၃ ရာခိုင်နှုန်း ရှိသည်ဟု ဆိုပါသည်။ ၂၀၅၀ သို့ ရောက်လျှင်မူ ၃၁ ရာခိုင်နှုန်း ဖြစ်သွားမည်ဟု ဆိုပါသည်။ ထိုအချိန်တွင် ဇရာအိုများ၏ အရေအတွက်မှာ သန်း ၃၄၀ တဲ့။

ဂျပန်က ၂၀၀၇ တွင် အသက် ၆၅ နှစ်ကျော်သူ ၂၁ ဒသမ ၅ ရာခိုင်နှုန်းရှိပြီး ဇရာအို လူဦးရေက ၂၇ သန်းကျော် ရှိခဲ့သည်။ ၂၀၅၀ သို့ရောက်သော် ဂျပန်လူဦးရေ၏ လေးပုံတစ်ပုံက ၆၅ နှစ်ကျော်ကျော်တွေ ဖြစ်နေကြလိမ့်မည်ဟု ဆိုပါသည်။

ဂျပန်နိုင်ငံတွင် မိဘနှင့် သားသမီးအတူတကွ ပူးပေါင်းနေထိုင်ခြင်း ထုံးစံမရှိ။ အဘိုးအဘွားနှင့် မြေးသား လုံးလားထွေးလား နေထိုင်သော ဓလေ့မရှိ။ မိအိုဖအို၊ ဘိုးအို ဘွားအိုများကို သက်ဆုံးတိုင် ရှာဖွေကျွေးမွေး ပြုစုစောင့်ရှောက်မှု ဆိုသည်မှာက မဟာ့မဟာ ဒုလ္လဘတရား။ စီနီယာစီတဇင်မှန်သမျှ နိုင်ငံတော်၏ အစောင့်အရှောက်၊ အထောက်အပံ့ဖြင့်သာ နေကြရမြဲ။ အသက်ရှင်၍ ဖြစ်ရုံ ထောက်ပံ့ထားကြရသည် ဆိုသော်လည်း လူထုကျန်းမာကာ ဇရာအိုအရေအတွက်က များပြားလွန်းလှသည်ဖြစ်သဖြင့် နိုင်ငံတော်က ခေါင်းခြောက်ရပြီဆိုသည်မှာလည်း ဆန်းတော့ မဆန်းကြယ်လှ။

မြေးသားတို့၏ ခြေဆုပ်လက်နယ် ပြုစုယုယမှု၊ ထမင်းပွဲရှေ့ရောက် ရှူးခပ်ပြင်ဆင် ကျွေးမွေးစောင့်ရှောက်မှု၊ ဆေးဝါးတိုက်ကျွေး အညစ်အကြေးသုတ်သင်ကြင်နာဖေးမမှုများမှ ဝေးကွာလှသော အနေအထား၌ အဘိုးအဘွားတစ်ယောက်တည်း (သို့မဟုတ်) နှစ်ယောက်တွဲ ဇရာအိုကြီးများကို လှုပ်လှုပ်လှုပ်လှုပ်၊ ရွေ့ရွေ့ရွေ့ရွေ့နှင့် ဆုတ်ဆုတ်ဆိုင်းဆိုင်းကြီး တွေ့ရမြင်ရသည်မှာ ကရုဏာသက်စရာပဲ ဖြစ်ပါသည်။ အနားမှာ မည်သူမျှမရှိ။ ကိုယ့်တောင်ဝှေးသာလျှင် ကိုယ့်အဖော်။

ပြင်သစ်ကျန်းမာရေးဝန်ကြီး Roselyne Bachlot ကမူ ဘိုးဘွားတို့ကို စောင့်ရှောက်ကူညီလျှင် ထိုသူကို နိုင်ငံတော်က တစ်ရက်ယူရို ၄၅ ပေးရလေမတဲ့။ ဝန်ထမ်းဖြစ်လျှင် လစာအပြည့်နှင့် ခွင့်ခြောက်လပေးရလေမတဲ့။ အိုသူတို့ကို ပစ်မထားရလေအောင် စီမံခန့်ခွဲပုံများ။

တိတ်တိတ်ဆိတ်ဆိတ်၊ အေးတိအေးစက်၊ ခြောက်ခြောက်ကပ်ကပ်ဖြင့် ဘဝ၏ နိဂုံးစာပိုဒ်များကို ရေးချနေကြရသူ ဂျပန်ဘိုးအို၊ ဘွားအိုများကိုကြည့်ကာ ဆရာတင်မိုး၏ "အဘနဲ့ အဘရွာ" ဆိုသည့် ကဗျာကလေး သတိရမိသေးတော့။

mgyoe.com

mgyoe.com SAMPLE BOOK

ပြောင်းတစ်တင်းကို
ခေါင်းရင်းအိမ်က
ပေးခဲ့တယ်။
ဟင်းရွက်တစ်ဆုပ်၊
ထင်းတစ်ခုတ်ကို
ကျုပ်မြေးတွေက ပေးခဲ့တယ်။
လွှာပွတ်ဆေးနဲ့
ဆေးခါးကြီးစ၊
လျက်ဆားစသည်
ကျောင်းကဘုန်းကြီး
ပေးခဲ့တယ်။
သမီးအငယ်၊
အိမ်ထောင်သည်က
နေ့လယ်နေ့ခင်း၊
ခံတွင်းချဉ်ပြေ
အပျင်းပြေအောင်
အဖေလည်းဝါး၊
ညှော်လည်းစားတဲ့
လက်ဖက်သားလေး
ပို့ခဲ့တယ်။
ဝါကျွတ်ရက်က
အညွှက်ဖြူဆုပ်၊
ပေါက်ပေါက်ဆုပ်တဲ့
မွေးစုတ်တဘက်၊
ချည်စောင်ကွက်တဲ့
သက်ကြီးဝါကြီး
ကန်တော့ကြတယ်။
ငှက်ပျောဖီးနဲ့

mgyoe.com

mgyoe.com
SAMPLE BOOK

အုန်းသီးတစ်လုံး၊
ဘမသုံးဘူး
ဘုန်းကြီးလှူလိုက်ရသေးရဲ့။
အဘဆီက
ရှေးကသီချင်း၊
တက်ကြွရင်းနဲ့
နင်းကြနှိပ်ကြ၊ ပြုစုကြတဲ့
ကာလသားတွေ
စည်ပါပေကွယ်
ပလွေ မယ်ဒလင်၊
ဒေါင်ဒင်ဒင်နဲ့
ဘင်ဂျိုဝိုင်းက ညတိုင်းပ။
အဘအိုရဲ့
ပုံတိုပတ်စ၊
ကြားချင်ကြသတဲ့
ညခင်းညခါ၊ ဝိုင်းလို့လာတဲ့
ရွာက ကလေး၊
အဘမြေးတွေ
အေးအေးပြောရသေးတာပ။
အဘအိမ်သား
ကွယ်လွန်သွားလည်း
ဝမ်းခါးမပူရပေဘူး။
အဘရဲ့သား၊
ရန်ကုန်သွားလည်း
တအားမငယ်ရပေဘူး။
သည်မြေသည်ရွာ၊
အဘရွာပေါ့။
ရွာသူရွာသား၊

mgyoe.com

mgyoe.com SAMPLE BOOK

အဘသားပေါ့။
ရွာက ကလေး၊
အဘမြေးပေါ့။
သမီးနဲ့သား၊ မြေးငယ်များတို့
ငါ့ရွာနားက
တစ်ဖဝါးတောင်၊
ခွာနိုင်ပေါင်ဗျာ။
နောင်ဘဝလည်း၊ ဘမခွဲဘူး
ခုလည်းသည်မှာ
ခေါင်းချမယ်။

ကဗျာထဲက အဘကျပြန်တော့လည်း သူ့ရွာနှင့် သူ့အထာ ပျော်စရာကောင်းလိုက်တာ။ အိုသူကို နေပျော်စေရန် ဖန်တီးထားသည့် မြန်မာ့လူမှုဘဝ ပတ်ဝန်းကျင်က နေတတ်လျှင် ကျေနပ်စရာကြီးပါ။

တိုက်ကျိုမြို့တော်၏ လမ်းကျဉ်းကလေးထဲကနေ အဘိုးအို တစ်ယောက်ထွက်လာပြန်ပါပေါ့။ ကူသူမရှိ။ ကယ်သူမရှိ။ တွဲသူမရှိ။ ဆွဲသူမရှိ။ ခြေတစ်လှမ်းလှမ်းဖို့ သူ့ခမျာ ခက်ခဲနေလိုက်တာ။ ဘယ်သူမှ မရှိတဲ့ တိုက်ခန်းကလေးထဲကနေ ထွက်လာကာ အဲသည့် ဘယ်သူမှ မရှိတဲ့ တိုက်ခန်းကလေး ရှိရာကိုပဲ ပြန်သွားမယ့် အဘိုးအို။

တိုက်ကျိုမြို့ကြီးက ခမ်းနားလှပါရဲ့။ ချယ်ရီတွေပွင့် ပုံကလည်း အံ့မခန်း အလှကို ဆောင်ပါရဲ့။ ချယ်ရီပင်အောက်ကို ဇရာရောက်လာပုံကကျတော့ အထီးတည်းဆန်လိုက်တာ။

■

mgyoe.com

mgyoe.com SAMPLE BOOK

တိုကျို ခြေလှမ်းများ

[တစ်]

တစ်ခါတွင် မိတ်ဆွေစာရေးဆရာတစ်ယောက်က မြန်မာနိုင်ငံရှိ လက်ဖက်ရည်ဆိုင်များ အတွင်း၌ လူတွေအမြဲတမ်း ပြည့်သိပ်ကျပ်ခဲစွာဖြင့် ရှိနေခြင်းနှင့် ပတ်သက်၍ အားမလိုအား မရဖြစ်သည့်လေသံဖြင့် စာတစ်ပုဒ်ရေးခဲ့ဖူးပါသည်။ ထိုဆရာက နမြောစရာကောင်းလှသည့် အချိန်တို့ကို အလဟဿ ဖြုန်းတီးပစ်နေကြသည်ဟု ရှုမြင်ကာ အားမလိုအားမရဖြစ်ကာ မချင့်မရဲစိတ်ဖြင့် ရေးခဲ့ခြင်း ဖြစ်ပုံရပါသည်။

သို့သော် လူငယ်တချို့က ယင်းကို တုံ့ပြန်ခဲ့ကြပါသည်။ တုံ့ပြန်သည်မှ စာနှင့် ပေနှင့်ကို ပြင်းပြင်းထန်ထန် တုံ့ပြန်ခဲ့ကြခြင်း ဖြစ်ပါသည်။ လက်ဖက်ရည်ဆိုင် ထိုင်တော့ ဘာဖြစ်သလဲဆိုသည့် လေသံမျိုး။

နိုင်ငံရပ်ခြားအတွေ့အကြုံရှိသူများကတော့ ဖွံ့ဖြိုးတိုးတက်ပြီးသည့် နိုင်ငံများတွင် နေကုန်နေခန်း စားပွဲခုံတစ်ခုခု၌ ကျောက်ချရပ်နားကာ ရေနွေးကြမ်းအိုးတစ်အိုးပြီး တစ်အိုးဖြင့် ထိုင်နေသူများ ဘယ်မှာမှ မရှိကြောင်းကို ထောက်ခံပြောဆိုကြပါသည်။ လက်ဖက်ရည်သောက်ဖို့၊ ကော်ဖီသောက်ဖို့ ထိုင်လျှင်လည်း ခဏတစ်ဖြုတ်ပေါ့တဲ့။

အလုပ်လုပ်ချိန်၌ လူတွေကို လမ်းပေါ်မှာ (သို့မဟုတ်) လက်ဖက်ရည်ဆိုင်ထဲ မြင်ရခဲသည့် နိုင်ငံများထဲတွင် ဂျပန်နိုင်ငံလည်း ပါဝင်လိမ့်မည် ထင်ပါသည်။ အထူးသဖြင့် တိုကျိုလို မြို့တော်ကြီးမှာပေါ့။ လုပ်ငန်းခွင် တစ်ခုခုရှိရာဆီသို့ ကသုတ်ကရက်ဖြင့်

mgyoe.com

mgyoe.com SAMPLE BOOK

NHK အသံလွှင့်ဌာန

အပြေးအလွှား သွားရောက်နေသူများကို နေရာတိုင်း၊ အချိန်တိုင်းမှာ တွေ့နေရသည်က တိုကျိုပဲ ဖြစ်ပါသည်။

*

[နှစ်]

တိုကျိုမြို့က ပလက်ဖောင်းတွေက ကောင်းပါသည်။ လမ်းမကျယ်ကြီးများကို မဆိုထားနှင့် လမ်းကြိုလမ်းကြား လမ်းသေးလမ်းမွှားကလေးတွေကအစ ရေမြောင်းကြမ်းပန်းကန် တစ်လုံးစာ ချိုင့်ခွက်ကို ဘယ်လိုမှ ရှာမရနိုင်သည့် လမ်းများကို ပလက်ဖောင်းများက ကွပ်ညှပ်ပေးထားပါသည်။

ပလက်ဖောင်းတွေက ရောင်စုံ။ နီတီတီတွေရော၊ ညိုတိုတိုတွေရော၊ ပြာတာတာတွေရော၊ စိမ်းတိမ်းတိမ်းတွေရော။ လမ်းလျှောက်၍ ဖြစ်ရုံခင်းထားခြင်းမျိုး မဟုတ်ဘဲ မျက်စိပသာဒ ရှုမျှော်၍ မဝအောင် ခင်းထားသည့် ပလက်ဖောင်းတွေ ဖြစ်ပါသည်။ တမင်ဖုထားသည့် အုတ်ခဲများဖြင့် ခင်းထားသည့် ပလက်ဖောင်းများပေမို့ လူတစ်ယောက် လျှောခနဲ၊ ဒိုင်းခနဲ ချော်လဲကျသွားဖို့ဆိုသည်မှာ တော်တော့ကို မဖြစ်နိုင်သည့် ပလက်ဖောင်းများ ဖြစ်ပါသည်။ ပလက်ဖောင်းပေါ်မှာ အပေါက်ကြီးတွေ မရှိ။ ကိုးရိုးကားရား မြောင်းဖုံးကြီးတွေ မရှိ။ ကိုးလိုးကန့်လန့် အဟန့်အတားတွေ မရှိ။ လမ်းဘေးဈေးသည်တွေ မရှိ၊ အမှိုက်သရိုက်တစ်စမရှိ။ ကွမ်းတံတွေးမရှိ။

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

အထူးသဖြင့် မျက်မမြင်တို့ တုတ်ဖြင့်ထောက်ပြီး စမ်းလျှောက်သွားနိုင်စေရန် အတွက် ပလက်ဖောင်းတိုင်း၌ မျက်မမြင်လမ်းကလေးများကို ဖု၍ ထည့်သွင်းကာ ခင်းပေး ထားမြဲ ဖြစ်ပါသည်။ ကားလမ်းမကို ဟိုဘက်သည်ဘက် ဖြတ်ကူးကြရသည့် လမ်းဆုံလမ်း ခွ လိုနေရာမျိုးကအစ လူတစ်ယောက်စာ မျက်မမြင်လျှောက်လမ်းများကို အဖုကလေးများ နှင့် တွေ့နိုင်ပါသည်။

ဒါဆို ရထားဘူတာရုံက ပလက်ဖောင်းတွေကတဲ့ရော။ မျက်မမြင်လမ်းကလေး တွေနှင့်ပဲ ဖြစ်ပါသည်။ တုတ်ဖြင့်ပဲ ထောက်စမ်းစမ်း၊ ဖိနပ်ဦးဖြင့်ပဲ ထိုးစမ်းစမ်း၊ ဖုနေသည့် လမ်းကို လွယ်လွယ်ကလေး ထိစမ်း၍ ရနိုင်ပါသည်။ ပြောရလျှင် လမ်းတိုင်းလမ်းတိုင်းမှာ မျက်မမြင်လျှောက်လမ်း ကလေးတွေက ယှဉ်တွဲလျက်ဟု ဆိုပါတော့။

ပြောရလျှင် အဲသည့်လမ်းတွေ ပေါ်ကနေ ဂျပန်နိုင်ငံသားတို့ သုတ်သုတ်သုတ် သုတ်နှင့် သွားနေကြခြင်းပဲ ဖြစ်ပါသည်။

*

[သုံး]

တိုကျိုမြို့က လူတွေ လမ်းလျှောက်နေပုံက အမြဲတမ်း သေရေးရှင်းရေးကိစ္စတစ်ခုခုအတွက် သွားနေပုံနှင့် တူပါသည်။

မြို့ပတ်ရထားကြီးတွေက သုံးမိနစ်ကို တစ်စီးနှုန်းနှင့် ဘူတာတိုင်းကို ဝင်ထွက်၍ နေသည်။ သည်တစ်စီး လွတ်သွားလျှင် နောက်တစ်စီးစောင့်။ သုံးမိနစ်ကလေးသာ။ သို့သော် သူတို့ မစောင့်နိုင်ကြ။ သုံးမိနစ်ထပ်မကြာ သွားစေဖို့ရာ အခုဝင်လာနေသည့် ရထားကို မီဖို့ ပလက်ဖောင်းပေါ်မှာ ပြေးသွားနေသည့် တိုကျိုသားတွေကို မကြာခဏ တွေ့နိုင်ပါသည်။ ငေးတိငေးမော ထုံပေပေ ထိုင်းတိုင်းတိုင်းနှင့် လမ်းလျှောက်နေသူတွေကို တွေ့ဖို့မြင်ဖို့ ဆိုသည်မှာ ဖြစ်တောင့်ဖြစ်ခဲ။

နေရာတိုင်းလိုလိုမှာ စက်လှေကား (Escalator) တွေ ရှိပါသည်။ တက်တဲ့ စက်လှေကားကတက်။ ဆင်းတဲ့ စက်လှေကားကဆင်း။ တက်နေ၊ ဆင်းနေသည့် စက်လှေကားပေါ်မှာကိုပဲ ပို၍ မြန်မြန်တက်၊ ပို၍ မြန်မြန်ဆင်းချင်သူတွေက ပြေးလွှား တက်ဆင်းလေ့ရှိရာ ပုံမှန်စက်လှေကား စီးသူတွေက ဘယ်ဘက်ကို ကပ်ပြီးရပ်ထား။ ညာဘက်သည် ပြေးလွှားဆင်းတက်သူတို့၏ လမ်းကြောင်း။ ဒါ တိုကျိုမြို့တော်တွင်း သွားလာလှုပ်ရှားကြသူတိုင်း နားလည်ပြီးသား ခရီးသွား ကျင့်ဝတ်။

တချို့နေရာများ၌ မြေပြင်ညီအတိုင်း ရွေ့လျားနေသည့် ရွေ့လျားစက်လှေကားများ

mgyoe.com

mgyoe.com
SAMPLE BOOK

ရှိပါသည်။ လူကတက်ရပ်ပြီး စီးသွားရုံဖြစ်ပါသည်။ သို့သော်တိုကျိုသားတွေ အားမရကြ။ လူသားထက်မြန်အောင် ရွေ့လျားနေသည့် စက်လှေကားတွေပေါ်မှာ ရပ်မနေဘဲ ထပ်၍ မြန်မြန်လျှောက်ကာ၊ အပြေးတစ်ပိုင်းလျှောက်ကာ လိုရာကို မြန်မြန်ရောက်ဖို့ သွားနေကြပုံများကို တိုကျို၏ လူမှုဘဝ ရုပ်ပုံကားချပ်အဖြစ် မြင်တွေ့နိုင်ပါသည်။

သို့သော် သည်လောက်အထိ ရေးကြီးသုတ်ပျာ သွားနေကြသော တိုကျိုမြို့တော်သားတွေက မီးပွိုင့်က လူရုပ်အနီကလေး ပြထားလျှင်မူ ဘယ်တော့မှ ဖြတ်မကူး။ ကားတစ်စီးမှ မရှိလည်း ဖြတ်မကူး။ လူရုပ်ကလေး စိမ်းတော့မှ ကားလမ်းကို ဖြတ်ကူးကြစမြဲ။

အလုပ် အလုပ် အလုပ်၊ ငွေ ငွေ ငွေ ဆိုသည့် ဘဝယန္တယားကြီး၏ အသော့နှင်သည့် ဇာတ်ဝင်ခန်းကြီးထဲတွင် တိုကျိုသားတို့ မနား မဟုတ်။ နားပါသည်။ အလုပ်ကိစ္စများပြီးဆုံးသောအခါ စားသောက်ဆိုင်တွေထဲမှာ အေးအေးလူလူ နားပြီး ကောင်းကောင်းစားကြစမြဲ ဖြစ်ပါသည်။

သို့သော် အလုပ်ချိန်ထဲမှာကတော့ တယ်လီဖုန်းကိုပင် တဆွေးတနွေးမပြောလိုကြ။ အလုပ်အလုပ် အလုပ်။ ငွေငွေငွေ။

*

[လေး]

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက သူများတွေက ခြေတစ်လှမ်း လှမ်းရင် ကျုပ်တို့က လေးငါးဆယ်လှမ်းဟူ၍ မိန့်ခွန်းတစ်ခုထဲမှာ ထည့်သွင်း ပြောကြားခဲ့ဖူးပါသည်။ အဘက်ဘက်က နောက်ကျ၍ နေခဲ့ရရှာသည့် သူ့နိုင်ငံကလေး၏ အနာဂတ်ကမ္ဘာ့အလယ်တွင် ညီညီမျှမျှ ယှဉ်ယှဉ် ဆိုလိုချင်သော အားကို မိုး၍ ပြောခဲ့ခြင်းပင် ဖြစ်ပါသည်။ အခုတော့ ...။

တိုကျိုခြေလှမ်းများကို ကြည့်ကာ နှေးနှေးကွေးကွေး၊ အေးအေးလူလူ၊ ငိုင်တိငိုင်တိုင်၊ ထိုင်းတိုင်းတိုင်း၊ မှိုင်းတိုင်းတိုင်း၊ လေးတိလေးကန်၊ ဖင့်ဖင့် နွဲ့နွဲ့ဖြင့် လျှောက်လှမ်းနေသည့် ကိုယ့်မြေကိုယ့်ရေက ခြေလှမ်းတို့ကို ဘယ်လိုများ မြန်နှုန်းမြင့်လာအောင် လုပ်ရရင် ကောင်းမလဲဟု စဉ်းစားကြည့်ချင်စရာ ဖြစ်ပါသည်။

ဩော် ... ခြေလှမ်းကောင်းကောင်းတွေ လျှောက်လှမ်းနိုင်ဖို့က လမ်းကောင်းကောင်းတွေကို အရင်ဆုံးခင်းပေးထားပြီး ဖြစ်ရမည်ပဲ မဟုတ်ပါလား။

■

mgyoe.com

mgyoe.com SAMPLE BOOK

တိုကျိုမှာ ဗိုက်ထဲက ဆာလာတဲ့အခါ

[တစ်]

နှီးဒေါင်းလန်းကြီး
ရူးပြီးသောခါ
သမီးနှင့်သား
များလို့မဝင်သော
ဒူးတစ်ဖက်ဟာ
တွန်းကာဖယ်လျက်
သူ့ထက်ငါလေ
စားတော့မည်စေ
စားပေသာလှ အုန်းခွက်ကယ်နှင့်လေး ... တဲ့။

နာမည်ကျော် ကဗျာစာဆိုတော်ကြီး ဝန်ကြီးပဒေသရာဇာ၏ တျာချင်းကဗျာတစ်ပုဒ်ထဲက အပိုဒ်တစ်ပိုဒ်ကို ကောက်နုတ်ဖော်ပြလိုက်ခြင်းပင် ဖြစ်ပါသည်။ ရှေးမြန်မာမိသားစုတို့ ထမင်းစားသောက်ကြသောအခါ ဝါးနှီးဖြင့် ရက်ထားသည့် နှီးဒေါင်းလန်းကြီးထဲ၌ ထမင်းကိုယ်စီပုံကာ လက်ရည်တစ်ပြင်တည်း တရင်းတနှီး စားကြ သောက်ကြသည့်ဓလေ့ကို ချစ်မြတ်နိုးဖွယ်ရာ ဖွဲ့ဆိုထားသည့် ကဗျာတစ်ပိုဒ်ပင် ဖြစ်ပါသည်။

မန္တလေးမြို့ နန်းရှေ့တွင် နေသူဖြစ်သဖြင့် နန်းတော်ရှေ့ ဆရာတင်ဟူ၍ ထင်ရှားသူဂီတစာဆိုကြီးကတော့ သူ့လက်ရည်တစ်ပြင်တည်း သီချင်းထဲတွင် "လက်ရည်တစ်ပြင်

mgyoe.com

mgyoe.com SAMPLE BOOK

တည်း ... နှီးဒေါင်းလန်းတွေနဲ့ ... ဝိုင်းဖွဲ့ကာ ... စားကြပြန်သည်" စသည်စသည်ဖြင့် မိသားစု၏ နွေးထွေးသော ထမင်းဝိုင်းကလေးကို ဖွဲ့နွဲ့စပ်ဆိုခဲ့ပြန်ပါလေသည်။

ထမင်းဝိုင်း၌ လူမစုံလျှင် မျက်နှာမကောင်းတတ်သူ ရှေးမြန်မာကြီးတို့က သည်လိုကဗျာများ၊ သည်လိုသီချင်းများကို စိတ်ခံတွင်းမြိန်ခဲ့ကြပုံရပါသည်။

သို့သော် သည်နေ့လို ခေတ်ကြီးထဲမှာကတော့ အိမ်ရှိလူကုန် ကိုယ်လိုချင်ရာကို ကိုယ်ထွက်ရှာကြရသည့် ခေတ်ကြီးဖြစ်၊ လက်ရည်တစ်ပြင်တည်းဖို့ရာ မဖြစ်နိုင်ကြပါလေတော့။ နှီးဒေါင်းလန်းကြီး၌ ဝိုင်းဖွဲ့ဖို့ရာ အခွင့်အခါ မပေးပါလေတော့။

အထူးသဖြင့် တိုကျိုမြို့သူမြို့သားတွေ။ အချိန်သည်ပဲ ရွှေ၊ အချိန်သည်ပဲ ငွေ ဖြစ်နေကြရသူများပေမို့ မိသားစု ထမင်းဝိုင်းဖွဲ့ဖို့ ဆိုသည်မှာ စိတ်ကူးယဉ် အိပ်မက်။ လေထဲမှာ ဆွဲထားသည့် ပန်းချီကားတစ်ချပ်မျှသာ။

*

[နှစ်]

တိုကျိုမြို့က ထမင်းချက်မစားသူတို့၏ မြို့ပဲ ဖြစ်ပါသည်။

စက်မှုထွန်းကားသောနိုင်ငံ၏ စက်မှုမြို့တော်ကြီးဖြစ်လေရာ လုပ်ငန်းခွင်တိုင်းတွင် အချိန်က လုပ်ခလစာဖြစ်သဖြင့် များများ အလုပ်လုပ်၊ များများပိုက်ဆံရသော လူ့အဖွဲ့အစည်းပေမို့ လူများစွာတို့၏ ဘဝများစွာတို့က လုပ်ငန်းခွင်ထဲမှာပဲ ကုန်ဆုံးသွားကြစမြဲဖြစ်ပါသည်။ သည်တော့ သူတို့မှာ ချက်ပြုတ်ကြော်လှော်နေဖို့ရာ အချိန်မရှိ။ ဝိုင်းဖွဲ့စားသောက်နေဖို့ရာ အချိန်မရှိ။ ထို့ကြောင့် တိုကျိုတွင် စားသောက်ဆိုင်တွေက များပြားလှကာ ဆိုင်တိုင်းလိုလိုမှာကလည်း စားသောက်သူတို့ဖြင့် ပြည့်လျှံနေမြဲ ဖြစ်ပါသည်။

တိုကျို၌ ရောင်းသူမရှိသည့် ဈေးဆိုင်ပေါက်စကလေးတွေက အများအပြားကိုပဲ ရှိပါသည်။ ၂၄ နာရီ ဝယ်ယူစားသုံး၍ရသည့် ဆိုင်ကလေးများ ဖြစ်ပြီး ငွေအကြေစေ့ကို ထိုးသွင်းကာ ဝယ်ယူစားသုံးနိုင်စေရန် စီစဉ်ထားပါသည်။ ကော်ဖီ၊ လက်ဖက်ရည်၊ ရေနွေးကြမ်း၊ အအေး တစ်ခုခုကို သောက်သုံးလိုသည်ဆိုပါစို့။ ငွေထည့်သည့် အပေါက်တွင်းသို့ ယန်း ၅၀ (မြန်မာငွေ ၅၀၀) ထည့်လိုက်။ မှန်အကြည်နောက်တွင် သူ့နေရာနှင့်သူ စီတန်းထည့်သိုထားသည့် ဘူး၏ နေရာကို လက်ညှိုးနှင့် ထောက်လိုက်။ ကိုယ်ရွေးချယ်လိုက်သည့်ဘူးက အောက်ခြေရှိ အကန့်ထဲသို့ ဒုန်းခနဲပြုတ်ကျလာလေရာ အံကိုတွန်းဖွင့်ပြီး နောက် အထဲက ပစ္စည်းကို နှိုက်ယူလိုက်ရုံ။ ယန်း ၅၀ တန်ကို ယန်း ၁၀၀ ထည့်လိုက်ပါက

mgyoe.com

mgyoe.com SAMPLE BOOK

ပြန်အမ်းသည့် စက်ထဲတွင် အမ်းငွေ ယန်း ၅၀ က ထွက်ကျ၍လာစမြဲ။ ဤနည်းဖြင့် စီးကရက်ကအစ ဝယ်ယူ၍ရသော အလိုအလျောက်ဈေးဆိုင်ကလေးများ ဖြစ်ပြီး ကြော်ငြာသင်ပုန်း.သေတ္တာကလေးများသဖွယ် နေရာတိုင်း၌ ရှိနေကြပါသည်။

စီးကရက်ကမူ ကျသင့်ငွေထည့်ရုံမျှနှင့် မပြီးဘဲ အသက်ပြည့်မှ ထုတ်ပေးသည့် စီးကရက်ဝယ်ပာ့ခွင့် ကတ်ပြားကလေးပါ စက်ကိုပြမှ စီးကရက်ဘူးက ထွက်ကျလာခြင်း ဖြစ်ပါသည်။ ပြောရလျှင် သည်လို ဆိုင်ကလေးများက မျက်စိတစ်လှမ်း လက်တစ်ကမ်း တိုင်းမှာ ရှိနေကြပြီး ကုမ္ပဏီအသီးသီးက အချိန်နှင့်အမျှ ပစ္စည်းအသစ်ထပ်ထည့်၊ ငွေလာသိမ်းလုပ်နေသည့် ဆိုင်ကလေးများပဲ ဖြစ်ပါသည်။

တိုကျိုမြို့က Mini Mart, Family Mart စသည့် ဈေးပေါက်စကလေးတိုင်းမှာ Fast Food ဟု ခေါ်သည့် အမြန်စာများကို ရောင်းပေးပါသည်။ ပေါက်စီ၊ ဟမ်ဘာဂါ၊ ူးကြော်၊ ဆင်းဒဝစ်စသည် စသည်။ Processed Food ခေါ် အသင့်ပြင်ပြီး အစား ာများကိုလည်း ရောင်းချပေးပါသည်။ အသား၊ ငါး၊ ကြက်ဥ၊ အသီးအရွက်နှင့် ထမင်း၊ ခေါက်ဆွဲ စသည်တို့ကို အသင့် ချက်ပြုတ်ကာ အေးခဲထားသည့် ဘူးများ၊ ပန်းကန်များ။ ဝယ်ယူကာ နွေးပြီး စားလိုက်ရုံ။ အဖိုးနည်းဝန်ပါဘဝကို ရောင့်ရဲ လွန်းစွာဖြတ်သန်းသူတွေ ့တွက်ကတော့ ထမင်းနှင့် ဟင်း တစ်မျိုး၊ တစ်ပွဲ၊ တစ်ပုံကို ယန်း ၃၀၀၊ ယန်း ၅၀၀ နှင့် စား၍ ဖြစ်ပေရာ မြန်မာငွေ ၃,၀၀၀၊ ၅,၀၀၀ ကျသင့်သည့်သဘော။ မည်သည့် အလုပ်မဆို တစ်နာရီကို ယန်း ၈,၀၀ (မြန်မာငွေကျပ် ၈,၀၀၀) အထက်ရသည့် အရပ်ဒေသ

အဆင်သင့်ထမင်း

mgyoe.com

ပေမို့ နေပျော်သော ဈေးနှုန်းများဟု ဆိုနိုင်ပါ၏။ အေးအေးလူလူ အနေအထားသို့ ရောက် သူတို့ကမူ စားသောက်ဆိုင်များရှိရာဆီကို သွားကြပေတော့။ လူတစ်ယောက် အဝစား၊ အဝသောက် ယန်း ၃,၀၀၀တဲ့။ မြန်မာငွေကျပ် သုံးသောင်း။

ဩော် ... လက်ရည်တစ်ပြင်တည်းဖို့ နီးဒေါင်းလန်းကြီးတွေရဲ့ အပါးမှာ ဘယ့်နှယ် ဝိုင်းဖွဲ့ကြရပ့်။

*

[သုံး]

ဂျပန်ထမင်းက ရှမ်းထမင်းထက်ပို၍ ဖွေး၊ ပို၍ မွှေးကာ ပို၍ ထွေးပါသည်။သူတို့က ထမင်းကို ထမင်းချည်းသက်သက် အရသာခံ၍ စားကြသော လူမျိုးများ ဖြစ်ပါသည်။

ဟင်းက ငါးအမျိုးမျိုးကို အစိမ်းလိုက် ပါးပါးလှီးကာ ဝါဆာဘီနှင့် ငံပြာရည်ကို စပ်ပြီး တို့၍ တို့၍ စားကြခြင်း ဖြစ်ပါသည်။ အမဲသားကလည်း အစိမ်း။ ရေဘဝဲကလည်း အစိမ်း။ ကြက်သားအကင်။ ငါးအကင်။ ငါးဥ။ ခရမ်းသီးဆားစိမ်။ သခွားသီးဆားစိမ်။ ဆူရှီ။ ငါးမန်း။ ဘဲဥနှင့် ဘဲသားကမူ အလွန့်အလွန် တွေ့ရခဲ၊ စားရခဲသည့် အစားအစာ။ ဒါ့ကြောင့်လား မသိ။ မြန်မာထမင်းဆိုင် တစ်ဆိုင်က ဘဲဥချဉ်ရည်ကို ကြက်ဥနှင့် ချက်ထားခဲ့ ခြင်း ဖြစ်ပါလေသတဲ့။

ဂျပန်အစားအစာ တော်တော်များများက ဆီ၊ အစပ်နှင့် အချဉ်နည်းပါးပြီး အချို ကဲသည့် အစားအသောက်တွေချည်းသာ။

*

[လေး]

ဩော် ... တိုကျို တိုကျို။

အဆင်သင့်စား။ အရန်သင့်စား။ ချက်ချင်းစား။ လက်ငင်းစား။ လမ်းဘေးမှာ ကော်ဖီမော့ချ။ ဘူတာရုံမှာ လက်ဖက်ရည်မော့ချ။ မြေအောက်ရထားပေါ်မှာ ရေနွေးကြမ်း မော့သောက်။ ရွေ့လျားလှေကားပေါ်မှာ အအေးမော့သောက်။

နီးဒေါင်းလန်းကြီးများ ခေတ်မစားတော့သည့်တိုင် တတ်နိုင်သမျှ လူစုံအောင် တစ်ယောက်ကို တစ်ယောက်စောင့်ပြီးတော့မှ စားတတ်ကြသည့် မြန်မာလူမျိုးများ တိုကျိုမှာ အစားစားတဲ့အခါ စားလို့မှ မြိန်ကြပါလေစ။ ■

mgyoe.com

mgyoe.com SAMPLE BOOK

တိုကျိုမြို့၌ မြို့ပတ်ရထားစီးခြင်း

[တစ်]

ဘဝသံသရာ × × ရှည်လျားထွေပြား မနေမနား တစ်သွားတည်းသွားကြတာ × ×။ ခရီးပန်းတိုင် × × မရောက်မချင်းတစ်ယောက်ဆင်း၊ တစ်ယောက်တက် × × ဆက်လက်ထွက်ခွာလာ × × " တဲ့။

ခရာကြီး ဦးသုခ သီဆိုခဲ့ဖူးသည့် ဘဝသံသရာသီချင်း တစ်ပိုင်းတစ်စပင် ဖြစ်ပါသည်။ ဗုဒ္ဓဝါဒ၏အလိုအရ သံသရာတွင် လည်ပတ်ကြရကုန်သော သတ္တဝါတို့၏အဖြစ်ကို ရထားဖြင့် ခရီးနှင်ရသည့် ခရီးသွားဧည့်သည်များသဖွယ် တင်စားကာ ရထားတွဲများပေါ်သို့ တစ်ယောက်ကတက်လာလိုက်၊ တစ်ယောက်က ဆင်းသွားလိုက်နှင့် တရစပ်မရပ်မနား ခရီးသွားကြရပုံကို ရေးဖွဲ့သီဆိုထားသည့် သီချင်းဖြစ်ရာ မီးရထားဖြင့် ခရီးသွားတိုင်း သတိရချင့်စဖွယ် ဖြစ်ပါသည်။

အလှကိုရှာ
ဘယ်မှာမတွေ့၊
တစ်နေ့အချိန်တန်တော့
ဆူညံညံ့ငိုသံကြားရတယ်
ရထားရွေ့ရွေ့။

ဒါကတော့ ဆရာ ဒေါင်းနွယ်ဆွေ၏ ကဗျာ။ မသာရထားပေါ်ကနေ ဘဝခရီးနှင်

mgyoe.com

mgyoe.com SAMPLE BOOK

သွားသည့် လူသား၏ ဘ၀ကို ကြက်သီးထစဖွယ် ရေးဖွဲ့ထားသည့် ဒွေးချိုးကဗျာ။

ရထားကို လူသားတို့၏ ဖြစ်တည်မှုနှင့် ရုပ်ပကပြုရသည်ကို လူတို့ ခံတွင်းတွေ့ကြပုံ ရပါသည်။ သီချင်းထဲမှာလည်း ရထား။ ကဗျာထဲမှာလည်း ရထား။ ၀တ္ထုထဲမှာလည်း ရထား။

*

[နှစ်]

ဂျပန်နိုင်ငံ တိုကျိုမြို့တော်ကြီး၌ ကြိုက်စရာကောင်းတာတွေထဲက တစ်ခုလောက် ပြောပြစမ်းပါဟုဆိုလျှင် မြို့ပတ်ရထားကိုလည်း ကြိုက်စရာတစ်ခုအဖြစ် ထည့်သွင်းပြောကြလိမ့်မည်ထင်ပါသည်။

ဂျပန်နိုင်ငံသည် မော်တော်ကားထုတ်လုပ်သည့် နိုင်ငံဖြစ်ပါသည်။ တိုကျိုမြို့တော်၌ ဘတ်စ်ကားများကို ပြေးဆွဲလျက်ရှိပါ၏။ သို့သော် မြို့တော်လူထုက ဘတ်စ်ကားကို အားမကိုး။ အလေးမထား။ ရထားဆိုမှရထား။ ထို့ကြောင့် လမ်းတွေပေါ်မှာ ကားအသွားအလာက ပြောရလောက်အောင် ကျပ်ကျပ်တည်းတည်းကြီး မဖြစ်။ ထို့ကြောင့် ယာဉ်ကြောပိတ်ဆို့မှုက မရှိသလောက်။

တိုကျိုကဘူတာရုံ

mgyoe.com

mgyoe.com SAMPLE BOOK

တိုကျိုမြို့ကြီးကို ပတ်ပြေးနေသော မြေပေါ်မြေအောက်မြို့ပတ်ရထားလိုင်းတွေက ကြွက်တွင်းများပမာ ရှုပ်ပွ၍နေပါသည်။ ဘူတာရုံကြီးတွေက မြေပေါ်မှာရော မြေအောက်မှာပါ အထပ်ထပ်။ ခေါက်တုံ့လူးလာပျားပန်းခပ်နေသည့် မြင်ကွင်းကို တိုကျိုမြို့က ဘူတာရုံများ၌ တွေ့မြင်နိုင်ပါ၏။

မြို့ပတ်ရထားကြီးတွေက သုံးမိနစ်ကို တစ်စီးနှုန်းဖြင့် ဘူတာရုံများရှိရာဆီသို့ ဝင်ရောက်လာလျက်ရှိရာ တစ်စီးလွတ်သွားသဖြင့် နောက်တစ်စီးကို အကြာကြီး စောင့်မျှော်နေစရာမလို။ အခုတစ်စီးဝင်လာလိုက်၊ အခုတစ်စီးထွက်သွားလိုက်။ မနက် မိုးလင်းမိုကတည်းက သုံးမိနစ်တစ်စီးနှုန်းဖြင့် ဝေါခနဲ ဝေါခနဲ ခုတ်မောင်းဝင်ထွက်နေကြသော တိုကျိုမြို့က မြို့ပတ်ရထားကြီးများသည် ညကိုးနာရီ၊ ဆယ်နာရီလောက်ကို ရောက်တော့မှ ငါးမိနစ်ကို တစ်စီးနှုန်းလောက်ဖြစ်သွားကာ ညဉ့်သန်းခေါင်ကျော် တစ်နာရီ၊ နှစ်နာရီဝန်းကျင်မှ မြို့ကို အစအဆုံး ပတ်ခြင်းကို ရပ်နားလိုက်ကြခြင်း ဖြစ်ပါသည်။

*

[သုံး]

မြို့ပတ်ရထား ဘူတာအစဉ်က ၂၉ ဘူတာရှိပါသည်။ ဒါကို တစ်ပတ်ပတ်ဖို့ ၅၈ မိနစ် (သို့မဟုတ်) ၅၉ မိနစ် (သို့မဟုတ်) မိနစ် ၆၀ ကြာပါသည်။ သည့်ထက်မပို၊ သည့်ထက် မလို။ ကွက်တိ။ ပိုသော်၊ လိုသော် တောင်းပန်။ ရထားတွဲတိုင်း၌ ရထားနှင့် ပတ်သက်၍ သတင်းပေးရန် အရပ်နှင့် အသံစနစ်ကို တပ်ဆင်ထားပြီးဖြစ်ရာ ယင်းမှတစ်ဆင့် မီးရထား တာဝန်ရှိသူများက ခရီးသွားပြည်သူလူထုကို တောင်းပန်။ အဘယ်ကြောင့် မောင်းနှင်ချိန် တစ်မိနစ်တိတိ နောက်ကျသွားရပါကြောင်း စသည် ...။

ဒါကြောင်းလားမသိ။ ရထားက ဘူတာရုံတိုင်းကို ဝင်ရောက်လာလေသောအခါ ကွက်တိ။ အချိန်ကလည်း ကွက်တိ။ နေရာကလည်း ကွတ်တိ။ ဆိုကြပါစို့ တွဲနံပါတ် သုံး။ ထိုတွဲနံပါတ်သုံးတွင် ပါဝင်သည်က တံခါးပေါက်သုံးပေါက်။ တံခါးတစ်၊ တံခါးနှစ်၊ တံခါးသုံး။ ဘူတာရုံကနေလာကြိုနေမည့် မိတ်ဆွေကို တွဲနံပါတ်သုံးတံခါးနံပါတ်နှစ်ကနေ စောင့်နေပါဟုဆိုခဲ့လျှင် ဘူတာရုံရှိ တွဲသုံးတံခါးနှစ်နေရာကသာ စောင့်နေလိုက်။ မလွဲစေရ။ ကွက်တိ။

ဘူတာရုံ၌ ရထားရပ်လိုက်သောအခါ ပထမဦးဆုံးပွင့်သည်က ဘူတာရုံ ပလက်ဖောင်းပေါ်က တံခါးဖြစ်ပါသည်။ ထို့နောက်တွင်မှ ရထားပေါ်ကတံခါး။ လုံခြုံ စိတ်ချစွာဖြင့် ဆင်းကြတက်ကြ။ မီးရထားခရီးစဉ်ဘူတာများကို အရပ်အသံစနစ်ဖြင့် ပြသ

mgyoe.com
SAMPLE BOOK

တိုကျိုက မြို့ပတ်ရထားနဲ့ စကြံ အဆင့်ဆင့်

mgyoe.com

ပေးထားရာ ကိုယ်ရောက်နေသည့် ဘူတာ၊ ရထားသွားနေသည့် ဦးတည်ဘက်၊ နောက် ရောက်မည့် ဘူတာတို့ကို အလွယ်တကူ မြင်နေရသည်သာမက ဂျပန်ဘာသာအပြင် အင်္ဂလိပ်ဘာသာဖြင့် ဂျပန်သံဝဲကာ ကြေညာပေးနေပါသည်။ ထို့ပြင် ရှေ့ဘူတာသို့ ရထား ဝင်သောအခါ မည်သည့်ဘက်က တံခါးကို ဖွင့်မည်ဖြစ်ကြောင်းကိုပါ စာတန်းလည်းထိုး၊ အသံလည်းထွက်၍ ကြေညာပါသည်။ ဥပမာ Doors on this side will open, Doors on left side will open ဆိုတာမျိုး။ သည်ဘက်က တံခါးဖွင့်မယ် ဘယ်ဘက်က တံခါးဖွင့်မယ် စသည် စသည်။ အဆင်ပြေလိုက်တာ။

မသန်စွမ်းခရီးသွားတစ်ယောက်က ဘက်ထရီဖြင့် မောင်းနှင်သည့် ဘီးတပ်ကုလား ထိုင်နှင့် ရထားတွဲပေါ်ရောက်လာသည်။ သူဆင်းမည့် ဘူတာရုံသို့ ဖုန်းလှမ်းဆက်ထားလိုက် ရာ ရထားရပ်သည်နှင့် မီးရထားဝန်ထမ်းနှစ်ယောက်က ရထားနှင့် ပလက်ဖောင်းကြားရှိ တစ်လက်မလောက် ကွာနေသည့် အဟကို တံတားကလေးထိုးပေးထားပြီး ထိုပုဂ္ဂိုလ်ခရီး လမ်းပန်း အဆင်ပြေအောင် လုပ်ပေးဖို့ အသင့်အနေအထားဖြင့် စောင့်ဆိုင်းနေခဲ့ပြီး ဖြစ်ပါ သည်။

ရထားတွဲတိုင်းတွဲတိုင်းမှာ လက်ကိုင်ကွင်းအဝါကလေးတွေ ချိတ်ဆွဲထားသည့် သီးသန့် အကန့်ကလေးများ ပါပါသည်။ ကိုယ်ဝန်ဆောင်သည်တွေ၊ သက်ကြီးရွယ်အိုတွေ၊ မသန်စွမ်းသူတွေအတွက်တဲ့။ ထိုသူများကြောင့် ရထားရပ်နားချိန် တစ်မိနစ်ခန့်ပို၍ ကြာမည် ဆိုခဲ့သော် ထုံးစံအတိုင်း တောင်းပန်သည့် ကြေညာချက်က Song Box များဆီ က ထွက်ပေါ်လာပြန်ပါလေသည်။ ဘီးတပ်ကုလားထိုင်နှင့် လူပုဂ္ဂိုလ်တစ်ယောက်ဆင်း မည် ဖြစ်ပါ၍ ရပ်နားချိန် တစ်မိနစ်ခန့်ပိုမည်ဖြစ်သောကြောင့် ခွင့်လွှတ်ကြပါရန် စသည် စသည်။

*

[လေး]

တိုကျိုမြို့ပတ်ရထားစီးခက တစ်ဘူတာနှင့် တစ်ဘူတာကြားတွင် ပျမ်းမျှ ယန်း ၁၃၀ ခန့်ရှိပါသည်။ မြန်မာငွေ ၁၃၀၀ ကျပ်ဆိုပါတော့။ နှစ်ဘူတာ၊ သုံးဘူတာဆိုလျှင်တော့ ယန်း ၁၅၀ ဝန်းကျင်ခန့် ဖြစ်သွားပါသည်။

တစ်စောင်ချင်း ဝယ်စီးသူတွေက ဘူတာအဝင်ဝရှိ စက်ထဲသို့ လက်မှတ်ကို ထိုး သွင်းပြီး လူက ဝင်သွားလိုက်သည်နှင့် တံခါးပွင့်သွားကာ ဝင်ရောက်သွားခဲ့သော် တစ်ဖက်

mgyoe.com

mgyoe.com SAMPLE BOOK

သို့လည်းအရောက်၊ လက်မှတ်က တစ်ဖက်အပေါက်ကနေ ပြန်ထွက်နှင့်နေပြီ ဖြစ်ပါသည်။ ထိုလက်မှတ်ကိုယူ၊ ရထားစီး၊ ဆိုက်ရောက်ရာဘူတာသို့ရောက်မှ ထိုလက်မှတ်ကို စက်ထဲ ပြန်ထိုးထည့်ပြီး တံခါးအပွင့်မှာ ဘူတာကနေထွက်။ လက်မှတ်ပြန်မရတော့။ စက်ကသိမ်း ဆည်းထားလိုက်ပြီ ဖြစ်ပါ၏။ လပေး၊ နှစ်ပေး လက်မှတ်လုပ်ထားသူများက လက်မှတ် ကို ဘူတာအဝင်အထွက်ရှိ စက်များ၌ Scanner ဖြင့် အဖတ်ခံလိုက်ရုံနှင့် ကိစ္စပြီးပါသည်။

ဓာတ်လှေကားတွေက အပေါ်တက် အောက်ဆင်း။ စက်လှေကားတွေက အဆက် မပြတ်ဆင်း၊ အဆက်မပြတ်တက်။ ရိုးရိုးလှေကားတွေဆီမှာကလည်း တက်သူတွေ ဆင်း သူတွေ။ လက်မှတ်ကိုစက်ထဲထိုးသွင်းလိုက်ကြ၊ စက်ထဲကအထွက်မှာ ဆွဲယူသွားလိုက် ကြ။ ရထားက ဝေါခနဲတစ်စီးဝင်လာ၊ ဝေါခနဲ တစ်စီးထွက်သွား။ မတ်တ ဘ်ခရီးသည် ကလည်း စာအုပ်ဖတ်၊ ထိုင်လျက်ခရီးသည်ကလည်း စာအုပ်ဖတ်။

ဘူတာရုံတိုင်းလိုလို၌ ပစ္စည်းသိမ်းသည့် Box ကလေးများကို ထား ပါသည်။ သွားလေရာရာသို့ သယ်ဆောင်မသွားချင်သည့် ပစ္စည်းရှိခဲ့သော် ထို Box ထဲသို့ ပစ္စည်း ထည့်၊ လျှို့ဝှက်နံပါတ်ဖြင့် သော့ခတ်။ သိမ်းဆည်းပေးထားခ တစ်နေ့ ယန်း ၃၀၀ ဟဲ့။ မြန်မာငွေ ကျပ် ၃,၀၀၀ ပဲ ဆိုပါတော့။

မီးရထားစနစ် ကောင်းမွန်တိကျ မှန်ကန်မြန်ဆန်ပုံကဖြင့် တိုကျိုကဲ့သို့ ဘူတာကြီး များ၊ ရှင်ဂျူကုကဲ့သို့ ဘူတာကြီးများတွင် မီးရထားဝန်ထမ်းများက ဘယ်အထပ်ကို တက်ပါ၊ ဘယ်အထပ်ကို ဆင်းပါ၊ ဘယ်ပလက်ဖောင်းကို သွားပါ၊ ဘယ်ရထားကို စီးပါ စသည် စသည်ဖြင့် ကူညီလမ်းညွှန်နေပုံများကိုပင် တွေ့နိုင်ပါသည်။

*

[ငါး]

ဩော် ... ရထား၊ ရထား။

သံသရာခရီးသွား တစ်ယောက်ပေမို့ တိုကျိုမြို့တော်က မြို့ပတ်ရထားကြီးများကို တဝစီးနင်းကာ ဘူတာရုံတိတိကျကျ၊ ပလက်ဖောင်း တိတိကျကျ၊ ဆိုက်ရောက်ချိန် တိတိ ကျကျ၊ ထွက်ခွာချိန်တိတိကျကျနဲ့ ခရီးသွားချင်လိုက်တာ။ ရှည်လျားထွေပြား မနေမနား ခရီးသွားကြသူတွေ မဟုတ်လား။

mgyoe.com

mgyoe.com SAMPLE BOOK

နှင်းပွင့်တိုင်းပြည်၌ လက်ကို ရေဆေးခြင်း

[တစ်]

ကိုယ့်နိုင်ငံကို ကိုယ် "နှင်းပွင့်တိုင်းပြည်"ဟု အမည်ပေး ကင်ပွန်းတပ်လိုက်သူမှာ ကမ္ဘာကျော် စာရေးဆရာကြီး ကာဝါဘာတာပဲ ဖြစ်လိမ့်မည် ထင်ပါသည်။ ကာဝါဘာတာက Snow Country ဟူသော အမည်နှင့် ဝတ္ထုရေးခဲ့ဖူးသည် မဟုတ်လား။

ကာဝါဘာတာကို မြန်မာစာဖတ်ပရိသတ်တချို့ ထိတွေ့ဖူးပါသည်။ ယာဆူနာရီ ကာဝါဘာတာ (Yasunari Kawabata) ဆိုသည်က သူ၏ အမည်အပြည့်အစုံ။ အိုဆာကာ (Osaka) မြို့သားကြီး။ ၁၄ ဇွန် ၁၈၉၉ ၌ မွေးကာ ၁၆ ဧပြီ ၁၉၇၂ ၌ မိမိကိုယ်မိမိ သတ်သေခြင်းဖြင့် ဘဝကို ပုဒ်မချပစ်ခဲ့သူ။ ၁၉၆၈ တွင် စာပေဆိုင်ရာ နိုဗယ်ဆုကို ရရှိခဲ့သူ။

ကြိုးကြာတစ်ထောင် (Thousand Cranes)၊ အိဇုကချေသည် (The IZU Dancer)၊ တောင်ရဲ့ခေါ်သံ (The Sound of the Mountain)၊ နှင်းပွင့်တိုင်းပြည် (Snow Country) စသည်တို့သည် သူ၏ ထင်ရှားသော စာပေလက်ရာများဖြစ်ပြီး နှင်းပွင့်တိုင်းပြည်ကမူ သူ့နိုင်ငံဂျပန်၏ ပုံရိပ်ပင် ဖြစ်ပါသည်။

ဩော် ... နာမည်နှင့်လိုက်ဖက်စွာ တကယ်လည်း နှင်းတို့စိုးမိုးသည့် နိုင်ငံပါ။ ကားလမ်းပေါ်မှာ နှင်း၊ တောင်တွေပေါ်မှာ နှင်း၊ တောင်ခြေရင်းမှာ နှင်း၊ အိမ်ခေါင်မိုးတွေပေါ်မှာ နှင်း၊ သစ်ပင်ခြေရင်းမှာ နှင်း၊ ဂေါ်ပြားကြီးတွေနှင့် ကော်ပစ်ရ၊ မြေကြီးကော်

mgyoe.com

mgyoe.com SAMPLE BOOK

သည့် ကားကြီးများနှင့် ထိုးဖယ်ပစ်ရလောက်သည်အထိ ကျောက်ဆောင် ကျောက်သား များပမာ ခဲနေသည့် နှင်းတွေနှင့် နိုင်ငံပါ။

သည်နိုင်ငံမှာ ဘုရားဖူးထွက်ရသည်က အရသာတစ်မျိုး။

*

[နှစ်]

နှင်းပွင့်တိုင်းပြည်၌ ကမ္ဘာကျော် ဘုရားကြီးနှစ်ဆူ ရှိပါသည်။

ပထမတစ်ဆူက အူရှိကူမြို့က အူရှိကူဒိုင်ဘတ်စု မတ်ရပ်ကိုယ်တော်ကြီး။ Guinness Book of Records ၌ပင်လျှင် ထည့်သွင်းကာ World Record အဖြစ် ကမ္ဘာ့စံချိန်တွင် မှတ်တမ်းတင်ထားခဲ့ရပေရာ မည်မျှကြီးမားသည့် ဘုရားကြီးလဲဆိုသည် ကို ခန့်မှန်းကြည့်နိုင်ပါသည်။

ဉာဏ်တော်က ပေဖြင့် ၃၉၀၊ မီတာဖြင့် ၁၂၀ မြင့်ပါသည်။ ၄၀ မီတာသာမြင့် သော လေဘာတီရုပ်တုနှင့် နှိုင်းယှဉ်ကြည့်နိုင်ပါသည်။ အောက်ခြေဖိနပ်တော်က ပေဖြင့် ၃၉၊ မီတာဖြင့် ၁၀ မြင့်ပါသည်။ အောက်ခံကြာပွင့်ကြီးက ၁၀ မီတာ။ ထိုအူရှိကူဒိုင်ဘတ် စု (Ushiku Daibutsu) မတ်ရပ်ကိုယ်တော်ကြီး၏ အောက်ခြေမှနေ၍ အတွင်း ဘက်သို့ ဝင်ကာ ဓာတ်လှေကားဖြင့် တက်လျှင် ၈၅ မီတာ (၂၇၉ ပေ) အမြင့်အထိ ရောက်ရှိသွားနိုင်ပြီး ဓာတ်လှေကားအတွင်း၌ မီးများကို အမှောင်ချလိုက်ကာ ဝန်ထမ်းတစ်ယောက်က ဘုရားနှင့် ပတ်သက်ရာရာများကို ဂျပန်ဘာသာဖြင့် ရှင်းပြပေးနေသည် သာမက နောက်ခံ အသံ စနစ်ကလည်း အံ့သြဖွယ်ရာကမ္ဘာကြီးအတွင်းသို့ ရောက်ရှိသွားသလို ခံစားမှုမျိုး ဖြစ်ပေါ်လာအောင် ဖန်တီးပေးထားပါလေသည်။ အမြင့်ဆုံးအထပ်တွင် ဘုရားကြီး၏ လက်မောင်းတော်နှစ်ဖက်နှင့် ရင်ဘတ်တော်၊ နောက်ကျော တော်များ၏ နေရာရှိ မှန်တံခါး ပေါက်များမှတစ်ဆင့် အပြင်ရှုခင်းကို တစ်မျှော်တစ်ခေါ် ကြည့်နိုင်ပါသည်။ ရောမ ခေါင်း လောင်းကြီး၊ ငါးတို့ ကူးခတ်သွားလာနေသည့် ကြည်စိမ်းနေသော ရေကန်၊ ယုန်ကလေး များ၊ ရှဉ့်ကလေးများ။

အူရှိကူဒိုင်ဘတ်စုဘုရားကြီးက ရောမဘုရားကြီးဖြစ်ကာ အတွင်း၌ ပြခန်းများ လုပ်ထားပါသည်။ နံရံပတ်ပတ်လည်က ဘုရားရုပ်တုများ၊ ဂျပန်စာအရေးအသား အသုံး အဆောင်ပစ္စည်းများ။ ဘုရား၏ လက်မတော်ကြီးကပင်လျှင် လူတစ်ရပ်မက။

ဘုရားဝတ္တကမြေအတွင်းသို့ အဝင်၌ ရှေ့ဘက်တွင် ဘုရားပုံ ရိုက်နှိပ်ထားပြီး

mgyoe.com